http://www.dhammadownload.com

# အဆင်းအတက်လမ်းနှစ်ဖက်

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက

(ယော)ဆရာတော်



အဆင်းအတက်လမ်းနှစ်ဖက်

တိပိဋကဓရ-ဓမ္မဘဏ္ဍာဂါရိက

(ယော)ဆရာတော်

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com

ဝါကြာ-ဆဲ့ရှ

ပြည်လုံးကျော်ဖြန့်ချိရေး

# ရွှေစန္ဒာလွန်းစာပေ

အမှတ် ၉၆-(မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်။
☎ ၀၁-၂၄၃၈၇၀

F 1A

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း

◆ စာမူခွင့်ပြုချက်အမှတ်

၄၆၆ / ၉၉ (၈)

◆ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၄၄ / ၉၉ (၁၀)

◆ ထုတ်ဝေခြင်း

ပထမအကြိမ်၊ အုပ်ရေ-၁၀၀၀

တန်ဖိုး ၃၅၀ ကျပ်

◆ ထုတ်ဝေသည့်ကာလ

၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ

◆ အတွင်းသားပုံနှိပ်

မတင်စိန် (၀၅၅၂၉)၊ ဇော်ဦးပုံနှိပ်တိုက်

အမှတ် (၂)၊ ချွန်း(၁)လမ်း၊ ပုသိမ်ညွှန့်၊ ရန်ကုန်မြို့။

◆ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်

အမှတ် (၁၇၁)၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

◆ ထုတ်ဝေသူ

ဦးကျော်ဆန်း(၀၉၃၂)၊ (ရဲဘော်ကျော်ဆန်း)

ရဲအောင်စာပေ၊ အမှတ်(၂)၊ ချွန်း(၁)လမ်း၊

ပုသိမ်ညွှန့်၊ရန်ကုန်မြို့။

◆ စီစဉ်သူ သီရိ

http://www.dhammadownload.com

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွှေစန္ဒာထွန်းစာပေ

အမှတ်-၉၆၊ (မြေညီ)၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
☎ ၀၁-၂၄၃၈၇၀

http://www.dhammadownload.com

# မာတိကာ

## အဆင်းအတက် လမ်းနှစ်ပက်


| | | |
|---|---|---|
| ကံအကောင်းဆုံးလူ | ... | ၄ |
| ကုသိုလ်, အကုသိုလ် | ... | ၅ |
| ဖြတ်လမ်းကလာသူ | ... | ၇ |
| အထုံနဲ့လာသူ | ... | ၁၀ |
| အဆင်းနှင့်အတက် | ... | ၁၂ |
| အဆင်းရဲလွန်းလို့ | ... | ၁၄ |
| ဘယ်လမ်းလိုက်မလဲ | ... | ၁၅ |
| စိတ်နိုင်သူနှင့် စိတ်မနိုင်သူ | ... | ၁၈ |
| လက်သည်းခွံပေါ်ကမြေမှုန့်နှင့် | | |
| မဟာပထဝီမြေကြီးပေါ်ကမြေမှုန့် | ... | ၂၀ |
| အကောင်းမှန်ရင် နည်းတာချည်းပဲ | ... | ၂၂ |
| အဆိုးဘက်ကိုပါသွားတယ် | ... | ၂၅ |
| ကိုယ့်ကိုကိုယ်အရှုံးပေးရတဲ့ပွဲ | ... | ၂၈ |
| သံသရာကြိုးကြီး(၂)ချောင်း | ... | ၃၃ |

http://www.dhammadownload.com

သံသရာဆိုတာ ... ၃၆
အစုန်နှင့်အဆန်, အဆင်းနှင့်အတက် ... ၃၈
ပစ္စုပ္ပန်အရေးအကြီးဆုံး ... ၄၁
ဘယ်အပျော်နဲ့မှယှဉ်လို့မရ ... ၄၄
အချိန်ကိုမဖြုန်းဘူး ... ၄၇
သဒ္ဓါ,ပညာ,မေတ္တာပေါလို့ ... ၅၀
အလှူခံပုဂ္ဂိုလ်ဆိုတာ ... ၅၂
အရတော်လိုက်တာ ... ၅၄
လောကရဲ့ရတနာ ... ၅၆
အသိကိုထိန်းတာသတိ ... ၅၉
ရတနာ ... ၆၁
တရားရတနာရှိတယ် ... ၆၅

## ခန္ဓာကိုယ်ထဲဘောလုံးပွဲ

ဘောလုံးပွဲစကြရအောင် ... ၇၅
(၁)ဂိုးနိုင်ပြီးပြီ ... ၇၈
အောင်ပွဲနှင့်ရှုံးပွဲ ... ၈၀
ခန္ဓာကိုယ်ထဲဘောလုံးပွဲ ... ၈၂

http://www.dhammadownload.com

အကုသိုလ်အပွားမခံဘူး ... ၄၃
ပုထုဇဉ်ရဲ့စိတ် ... ၄၅
သူတော်ကောင်းနဲ့တွေ့ကြုံခွင့်
ရမယ်ဆိုရင် ... ၅၀
ဖြုန်းတယ်ဆိုတာ အပူစုတာ ... ၅၅
ဗုဒ္ဓရက္ခိတကြက်တူရွေး ... ၅၇
ပရိယတ်နဲ့ပဋိပတ်
ပေါင်းစပ်ပေးကြရာတွင် ... ၆၁
အရှိကိုအရှိအတိုင်းမြင်အောင်ကြည့် ... ၆၃
တရားအမှတ်လွှတ်သွားတယ် ... ၆၅
တရားစစ်ကြည့်တော့ ... ၆၇
တရားနာရတဲ့ကျေးဇူး ... ၇၃
တရားနာတဲ့အခါ ... ၇၇
အောင်မောင်းနဲ့ အောင်ကောင်း ... ၈၁
ငဆွေနဲ့ ငပွေ ... ၈၇
အရိုင်းမှအယဉ်သို့ ... ၈၉
ဓမ္မသရဏံဂစ္ဆာမိ ... ၉၅
သာသနာရဲ့ကျင့်စဉ်အချုပ် ... ၉၇
သတိဆိုတာ ... ၉၉
သတိလွှတ်သွားရင် ...၁၀၃
သူငယ်မပြန်ရလေအောင် ...၁၀၅

http://www.dhammadownload.com

သတိပညာချိန်သီး ... ၁၀၇

ဉာဏ်မျက်စိဖွင့်ကြည့်လိုက်တော့ ... ၁၁၁
ခန္ဓာဉာဏ်လှည့်လိုက်တော့ ... ၁၁၃
နောက်ပြန်သွားတဲ့လက်တံ ... ၁၁၅
တရားကိုလက်တွေ့မကျင့်သုံးရင်
မအားတဲ့အလုပ်ကို ... ၁၁၇
တရားအလုပ်ပြောင်းလိုက်ပါ ... ၁၁၉
တရားမပါဘဲ၊ ဘယ်နည်းနှင့်မှ
ချမ်းသာရာမရ ... ၁၂၁

http://www.dhammadownload.com

သတ္တဝါတွေ ဆင်းရဲပြီး နေကြတာ အမှန်တော့ အဆင်းရဲ လွန်းလို့ ဆင်းရဲတာ၊ မကောင်းမှု ဒုစရိုက် အကုသိုလ်အလုပ်တွေ မှာ အဆင်းရဲကြလွန်းလို့၊ ကိုယ့် စိတ်ကိုယ် မထိန်းသိမ်းပဲနဲ့ လွှတ် ပြီးထားကြလို့ အဆင်းတွေရဲလွန်း လို့ ဆင်းရဲနေကြတာ။

(ယော)ဆရာတော်

http://www.dhammadownload.com

# အဆင်းအတက် လမ်းနှစ်ဖက်

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက

အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်

*[ သာသနာတော်နှစ် ၂၅၄၂–ခု၊ ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် (၅)ရက်၊ ၁၉၉၈ ခု၊ ဒီဇင်ဘာလ(၈)ရက်၊ အင်္ဂါနေ့ ညအချိန် ရန်ကုန်တိုင်း၊ သာကေတမြို့ (၅)ရပ်ကွက် တောင်ပိုင်း၊ သုမနဓမ္မဗိမာန်တော် ကြီးအတွင်း၌၊ သုမနဓမ္မဗိမာန် မလွန်ဆန်လှူသင်းယောက်၏ (၃၃)ကြိမ်မြောက် ကျင်းပသော ဆွမ်းဆန်အလှူတရားပွဲ အတွက် ဓမ္မဒါန၊ ဓမ္မလက်ဆောင်အဖြစ်ဖြင့် အနုမောဒနာ တရားအဖြစ်ဖြင့် အမှတ်ရဘွယ်အဖြစ်ဖြင့် ဟောကြားအပ်သော တရား ဖြစ်သည် ]*

လောကကြီးထဲမှာ လမ်းဟာ အတိုချုံးလိုက်ရင် (၂)လမ်းပဲရှိပါတယ်၊ အဆင်းက တစ်လမ်း၊

http://www.dhammadownload.com



*ကောင်းမှုအစုစုတို့ကို ပြုလုပ်အားထုတ်ကြရာတွင် အမှတ်ရ ဘွယ်အဖြစ်ဖြင့် ဓမ္မဒါန၊ ဓမ္မလက်ဆောင်အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည်။ ၂*

**သုဝေါဝဒတိ ဝါစမ္ပိ၊ မဂ္ဂရှောပိစနုစ္စကော၊**
**မနုဿေဟိသုသိက္ခိတော၊ ကောအဒဿော**
**မဟာမုနိ၊**

မနုဿေဟိ–အကျင့်လည်းရှိ၊ စွမ်းအားပြည့်၍၊ အသိထူးခြား၊ လူပုဂ္ဂိုလ်အများတို့က၊ သုသိက္ခိတော–ကောင်းစွာမချွတ်၊ သင်ပေးအပ်ပါပေသော၊ သုဝေါပိ–အသိကင်းဝေး၊ တောထဲက ကြက်တူရွေးငှက်သည်သော်လည်း၊ ဝါစံ–သင်ပြအပ်ငြား၊ လူ့စကားကို၊ ဝဒတိ–အများ နားလည်အောင်ပြောပြတတ်ပါသေး၏။

မနုဿေဟိ–အကျင့်လည်းရှိ၊ စွမ်းအားပြည့်၍၊အသိထူးခြား၊လူပုဂ္ဂိုလ်အများတို့က၊သုသိက္ခိတော–ကောင်းစွာမချွတ် သင်ပေးအပ်သော၊ မဂ္ဂရှောပိ–အသိထုံထိုင်း၊ တောထဲကမျောက်ရိုင်းပင်သော်လည်း၊ နစ္စကော–အများသဘောကျအောင် ကပြတတ်ပါသေး၏။

http://www.dhammadownload.com



မနုဿေဟိ–အကျင့်လည်းရှိ၊ စွမ်းအားပြည့်၍၊ အသိထူးခြား၊ ပညာရှိဖြစ်သော လူပုဂ္ဂိုလ်အများတို့က၊ သုသိက္ခိတော–ကောင်းစွာမချွတ် သင်ပေးအပ်သော၊ မဟာမုနိ–မုနိထွတ်ထား၊ ရှင်တော်မြတ်ဘုရား၏ တပည့်သားသမီးဖြစ်သော၊ ငါကဲ့သို့သောလူသားသည်ကား၊ ကောအဒ္ဓေဿ–အဘယ်မှာလျှင် မလိမ္မာ မယဉ်ကျေးပဲရှိရာ အံ့နည်း၊ ဒန္ဓေဿဝေ–စိတ်အစဉ်အေး ယဉ်ကျေးရမည်သာလျှင်၊ ဟောတိ–စိတ်အေးစရာ သာသနာကြောင့်၊ ကောင်းစွာမသွေ ဖြစ်ရပါပေတော့သတည်း။

* * *

# သာသနာနဲ့တွေ့ကြုံခွင့်ရမယ်ဆိုရင်

ကိုယ့်အောက်က ယုတ်နိမ့်တဲ့ သတ္တဝါလေးတွေကြည့်ပြီးတော့ ကိုယ့်ဟာကိုယ်အားပေးတဲ့ ဂါထာလေးတစ်ခုပါ၊ ကိုယ့်အောက်ကယုတ်နိမ့်တဲ့ သတ္တဝါလေးတောင်မှ လမ်းညွှန်ကောင်းရသွားကြ

http://www.dhammadownload.com

# ကံအကောင်းဆုံးလူ

လောကမှာ ကံအကောင်းဆုံးလူဆိုတာ ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံတဲ့လူဖြစ်တယ်၊ ဗုဒ္ဓသာသနာနဲ့ တွေ့ကြုံခွင့်ရတော့ လမ်းကြောင်းကြီး ပြတ်ပြတ်သားသား တွေ့ခွင့်ရတယ်။

ရှောင်ရမယ့်လမ်းလဲ သိသွားတယ်၊ သွားရမယ့်လမ်းကိုလဲ ပြတ်ပြတ်ထင်ထင် သိမြင်ခွင့် ရသွားတယ်။

* * *

http://www.dhammadownload.com

# ကုသိုလ်,အကုသိုလ်

* အဆင်းအတက်၊ လမ်းနှစ်ဖက်၊
ကွက်ကွက် မြင်အောင်ကြည့်။

ကုသိုလ်ဆိုတာ ကိုယ့်စိတ်ကိုယ်နိုင်လို့ရတာ၊ ကိုယ့်အပေါ် ဩဇာညောင်းလို့ရရှိလာတဲ့ စိတ်တန်ခိုးကို ကုသိုလ်လို့ခေါ်တယ်။

အကုသိုလ်တရားဆိုတာ စိတ်မနိုင်လို့ရတာ၊ ကိုယ့်အပေါ် ဩဇာမညောင်းလို့ရတာ၊

အကုသိုလ်ဆိုတာ အဆင်းလမ်း၊ ကုသိုလ်ဆိုတာ အတက်လမ်း၊ ဒါကြောင့် အဆင်းရယ်၊ အတက်ရယ်လို့ လမ်းနှစ်ဖက်ရှိတယ်။

မိမိတို့တတွေ ဘဝသံသရာတစ်လျှောက်၊ လမ်းနှစ်ဖက်ရှိတဲ့အခါ လမ်းမှား၊ မှားပြီးတော့

http://www.dhammadownload.com



တော့၊ ကေန်စိတ်အေးစရာတွေ့မှာ မဟုတ်တော့ဘူး၊ အဲဒီလို အပြန်ယူလို့ရတယ်။

* * *

http://www.dhammadownload.com

# တရားမှန်ထောင်ကြည့်ပေးနိုင်မှ

ဤမြူရှည်လျားတဲ့ သံသရာခရီးတွေ အဆင်းအတက်အလွန်ပေါတဲ့သံသရာခရီး၊ အလွန်ကြမ်းတဲ့ သံသရာခရီး၊ မျက်စိလည်စရာ အလွန်ကောင်းတဲ့ သံသရာခရီးသွားတဲ့အခါ ဒါတွေကမလိုအပ်ဖူး၊ ဒါတွေတော့ဖယ်ရှားမှ၊ ဒါတွေတော့ လိုအပ်လိမ့်မယ်၊ ဒါတွေတော့ ပြုပြင်မှ၊ ဖြည့်စွက်မှ၊ အားထုတ်ပြုလုပ်မှ စသည်ဖြင့် အကွက်စေ့အောင် သိဖို့ဆိုတာကတော့ တရားမှန် မကြာမကြာထောင်ကြည့်ပေးနိုင်မှ တော်ကာကျမှာပါ၊ ပြုပြင်ရမယ့် ပမာဏက အင်မတန်ကြီးမားတော့ တရားမှန် မကြာ,မကြာ ထောင်ကြည့်ပေးနိုင်မှ တော်ကာကျမယ်။

EIB

http://www.dhammadownload.com



ကျင့်သုံးခွင့်ရအောင် ကူညီပေးလိုက်တယ်၊ တရားနာကြားခွင့်ရအောင် ကူညီပေးလိုက်သာယ်။ (အာသန္နကံ ခေါ်တာပေါ့)

သေကာနီးလေးမှာ ကူညီပေးလိုက်တဲ့ ကုသိုလ်တွေကြောင့် အပါယ်ကိုမရောက်ဘဲ လူ့ဘုံ၊ လူ့ပြည်၊ လူ့ဘဝကို ရောက်လာတာ၊ ဒါမျိုးကို ဖြတ်လမ်းကရောက်လာတယ်လို့ ခေါ်တယ်။

ဖြတ်လမ်းက လူဖြစ်လာတဲ့ ပုဂ္ဂိုလ်များဟာ အထုံပါရမီ အင်မတန် နည်းတတ်ပါတယ်၊ ကုသိုလ်အထုံ သိပ်နည်းတယ်၊ ဉာဏ်အထုံ သိပ်နည်းတယ်၊ ဘယ်ဟာဖြစ်ဖြစ် သူများက နောက်က ခိုင်းနိုင်မှ တော်ကာကျ၊ ပြောနိုင်မှ တော်ကာကျတယ်၊ လာဘ်မမြင်ဘူး။

စွမ်းအားကို အကွက်စေ့အောင် မယူတတ်၊ ကုသိုလ်လုပ်တော့လဲ တက်တက်ကြွကြွ ထက်ထက် သန်သန် တယ်မရှိလှ၊ လာခဲ့တာ သူက အထုံနဲ့လာခဲ့တာ မဟုတ်ဘူး၊ ဖြတ်လမ်းက ဝင်လာခဲ့တာ။

အဲသလို ဖြတ်လမ်းက ဝင်လာခဲ့တဲ့ ပုဂ္ဂိုလ်ဆိုရင် (အထုံနည်းတော့) ရှေ့သွားတော့လဲ တယ်

http://www.dhammadownload.com



မသေချာလှဘူးဗျ၊ အမြဲတမ်း သူများဆီက တွန်းအား အကူအညီတွေ ပေးနိုင်မှ၊ ရှေ့ကို တရွေ့ရွေ့နဲ့ သူတက်နိုင်မှာ...။

* * *

http://www.dhammadownload.com

# အထုံနဲ့လာသူ

တချို့ပုဂ္ဂိုလ်တွေကျတော့ အထုံနဲ့ကို လာခဲ့တာဗျ။ ကုသိုလ်လုပ်ရတာ ပျော်လို့၊ မကောင်းတဲ့ အကုသိုလ်တွေကို ရှောင်လို့၊ ကောင်းတဲ့ကုသိုလ်တွေကို နေ့စဉ်ပုံမှန် ဝတ်ထားလို့။

* ဒီအချိန် ဘုရားရှိခိုးရမယ့်အချိန်ဟဲ့၊ အားအား, မအားအား နေ့စဉ်လုပ်ရမှာဟဲ့၊
* ဒီအချိန် မေတ္တာပို့ရမယ့်အချိန်၊
* ဒီအချိန်က ပဋ္ဌာန်းပရိတ်တွေ ရွတ်ရမယ့်အချိန်၊
* ဒီအချိန်က ခန္ဓာဉာဏ်စိုက် ဝိပဿနာပွားရမယ့်အချိန်ဆိုပြီး နေ့စဉ်ပုံမှန် ဝတ်ထားပြီးကြိုးစားသွားတဲ့ ပုဂ္ဂိုလ်တွေ၊ အထုံတွေက သိပ်အားကောင်း ...။

F :

http://www.dhammadownload.com



အဲသလို အထုံစွမ်းအားတွေနဲ့ လူဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကျတော့ (ဘယ်နေရာမဆိုပေါ့ဗျာ) အစစအရာရာ သာလွန်ကြတယ်၊ ရှေ့ကချည်းပဲ၊ ကုသိုလ်ရေးကိစ္စမှာလဲ သူများက တယ်ပြီး တိုက်တွန်းရတယ် မရှိလှဘူးဗျ၊ ကိုယ့်ဟာကိုယ် အသိကလေးတွေနဲ့ တက်တက်ကြွကြွ ထက်ထက်သန်သန် ကြိုးကြိုးစားစား အားထုတ်တတ်တယ်၊ ပြုလုပ်တတ်တယ်ဗျ။

ပညာရှိသူတော်ကောင်းတွေက လမ်းညွှန်ပေးရုံလေးပဲ၊ တကယ့်အလုပ်ပိုင်းကျတော့ ခိုင်းမနေရဘူး၊ တက်ကြွစွာ ပြုလုပ် အားထုတ်တတ်တယ်၊ လုပ်တိုင်း လုပ်တိုင်းလဲ စိတ်ပါလက်ပါချည်း လုပ်တယ်။

ဒါကြောင့် ဖြတ်လမ်းကလူဖြစ်လာတဲ့ လူနဲ့၊ အထုံနဲ့ လူဖြစ်ခဲ့တဲ့လူတောင်မှ ကွာကြတယ်။

အဲသလို မိမိတို့ သာသနာ့လမ်းကြောင်းကြီး တွေ့တုန်းမှာတော့ 'အထုံ'တွေရအောင် နေ့စဉ်ပုံမှန် ကြိုးစားအားထုတ်ကြရပေလိမ့်မယ်။

* * *

http://www.dhammadownload.com

# အဆင်းနှင့်အတက်

* အဆင်းခေါ်ဆို၊ အကုသိုလ်၊
ကုသိုလ် အတက်သိ၊

အဆင်းဆိုတာ အကုသိုလ်တရားကို ပြောတာ၊ အတက်ဆိုတာက ကုသိုလ်တရားကို ပြောတာ။

အဆင်းဆိုတာ စိတ်ကိုမနိုင်ဘဲ လွှတ်ချလိုက်လို့ စိတ်တွေ ပေါက်ကွဲပြီးကျသွားတာကို အဆင်းလို့ခေါ်တယ်။

အတက်ဆိုတာ ကိုယ့်စိတ် ကိုယ်နိုင်လို့ ကိုယ့်စိတ်လေးကို အစီအစဉ်လေးနဲ့ ထိန်းသိမ်းပြီး တော့...

http://www.dhammadownload.com



* ရည်ရွယ်ချက်ပါတယ်၊
* လမ်းကြောင်းပါတယ်၊
* အစီအစဉ်ပါတယ်၊

အစီအစဉ်လေးနဲ့ ထိန်းသိမ်းပြီးတော့ စွမ်းအားထုတ်လုပ်လို့ ပေါ်လာတဲ့ စွမ်းအားကို ကုသိုလ်လို့ ခေါ်တယ်၊ အဲဒါက အတက်လမ်း။

* * *

http://www.dhammadownload.com

# အဆင်းရဲလွန်းလို့

* **အဆင်းရဲက၊ ဆင်းရဲရ၊**
**အောက်ကျမည်ဟုသိ၊**

သတ္တဝါတွေ ဆင်းရဲပြီးနေကြတာ အမှန်တော့ အဆင်းရဲလွန်းလို့ ဆင်းရဲတာ၊ မကောင်းမှုဒုစရိုက် အကုသိုလ်အလုပ်တွေမှာ အဆင်းရဲကြလွန်းလို့၊ ကိုယ့်စိတ်ကိုယ် မထိန်းသိမ်းပဲနဲ့ ပစ္စလက်ခတ် လွှတ်ပြီးထားကြလို့၊ အဆင်းတွေ ရဲလွန်းလို့ သတ္တဝါတွေ ဆင်းရဲနေကြတာ။

အဆင်းရဲလွန်းရင် ဆင်းရဲမယ်၊ အောက်ကျနောက်ကျဖြစ်မယ်၊ ဘယ်နေရာမှ အဆင့်မမီဘူး။

* * *

http://www.dhammadownload.com



# ဘယ်လမ်းလိုက်မလဲ

* **ကုသိုလ်ကိုကိုင်၊ တက်ရောက်နိုင်၊**
**ကိုယ်ပိုင်စွမ်းအားရှိ၊**

ကုသိုလ်ကိုကိုင်တဲ့ ပုဂ္ဂိုလ်တွေ တက်ရောက်နိုင်ကြတယ်၊ ကိုယ်ပိုင်စွမ်းအားတွေ ရကြတယ်၊ ခန္ဓာရဲ့အနှစ်၊ ပစ္စည်းဥစ္စာတွေရဲ့ အနှစ်၊ အကုန်လုံး အကွက်စေ့အောင် ယူနိုင်ကြတယ်ဗျ။

ပစ္စည်းကလဲ ခန္ဓာလိုပါပဲ၊ လက်ထဲရောက်လာရင် စကား(၃)ခွန်းမေးတယ်။ ခန္ဓာကမေးတဲ့ စကားသုံးခွန်းကတော့

**(၁) ကျွန်တော့်ကို အပိုးတန်အောင် သုံးမှာလားဗျ၊**

**(၂) ကျွန်တော့်ကို အလကား ဖြုန်းပစ်မှာလားဗျ၊**

**(၃) ကျွန်တော်နှိပ်စက်နေတာကို အချိန်ပြည့်ခံနေမှာလားဗျ၊**

http://www.dhammadownload.com



ခန္ဓာက စကား(၃)ခွန်းမေးသလို၊ ပစ္စည်းကလဲ (၃)ခွန်းမေးတယ်။

**(၁) ကျွန်တော့်တို့ကို အဖိုးတန်အောင် သုံးမှာလားဗျ၊ (သုံးနိုင်တဲ့စွမ်းအင်ကော ရှိရဲ့လားဗျ)**

**(၂) ကျွန်တော်တို့ကို အလကား ဖြုန်းပစ်မှာလားဗျ၊**

**(၃) ကျွန်တော်တို့နှိပ်စက်နေတာကို အရိုန်ပြည့်ခံနေမှာလားဗျ၊**

ခန္ဓာနဲ့ ပစ္စည်းက တရားသဘောအားဖြင့် မေးခွန်းထုတ်တယ်၊ ဆိုလိုတာကတော့ ခန္ဓာနဲ့ ပစ္စည်းကို အကြောင်းပြုပြီး ခင်ဗျား အောက်ဆင်းမှာလားဗျ၊ ဟောဒီခန္ဓာနဲ့ ပစ္စည်းကို အကြောင်းပြုပြီး ခင်ဗျား အပေါ်တက်မှာလားဗျ၊ ဘယ်လမ်းကို ခင်ဗျားလိုက်မလဲလို့ တရားသဘောအားဖြင့် မေးနေတာ။

ဉာဏ်မျက်လုံးကောင်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ ခန္ဓာကိုလဲ အဖိုးတန်အောင်သုံးမယ်၊ လက်ထဲရောက်လာတဲ့ ဥစ္စာပစ္စည်းတွေကိုလဲ အဖိုးတန်အောင် သုံးမယ်၊ ကုန်သွားတဲ့အထဲက မကုန်တဲ့ တရားစွမ်းအားတွေ ကျန်အောင်ယူမယ်။

http://www.dhammadownload.com



ဒါကြောင့်မို့ ယခု သုမနစမ္ပဗိမာန် မလွန်ဆန်လှူသင်းထောက် ဒကာ, ဒကာမအပေါင်းသူတော် ကောင်းတွေ၊ ကုသိုလ်လုပ်ရတာပျော်နေကြတာ၊ ဒါဟာ အတက်လမ်းမှန်းသိလို့ပျော်ကြတာ၊ သာသနာ့မျက်လုံး ကောင်းကောင်းရပြီးတော့နေလို့ ပျော်နေကြတာပါ။

* **အဆင်းအတက်၊ လမ်းနှစ်ဖက်၊**
  **ကွက်ကွက်မြင်အောင်ကြည့်၊**
* **အဆင်းခေါ်ဆို အကုသိုလ်၊**
  **ကုသိုလ်အတက်သိ၊**
* **အဆင်းရဲက၊ ဆင်းရဲရ၊**
  **အောက်ကျမည်ဟုသိ၊**
* **ကုသိုလ်ကိုကိုင်၊ တက်ရောက်နိုင်၊**
  **ကိုယ်ပိုင်စွမ်းအားရှိ၊**

ဒါကြောင့် သဗ္ဗေ–ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော၊ တေ–ထိုကောင်းမှုကုသိုလ်တရားတို့သည် ဥပရိဘာဂဂ်မနိယာ အထက်တန်းသို့သာ တက်ရောက်စေနိုင်ကုန်သည့်၊ ဟောန္တိ–မုချမသွေဖြစ်ကြပါပေကုန်သတည်း။

* * *

http://www.dhammadownload.com

# စိတ်နိုင်သူနှင့် စိတ်မနိုင်သူ

သာသနာကျေးဇူးကြောင့် အဆင်းလမ်းရယ်၊ အတက်လမ်းရယ်လို့ လမ်းနှစ်ဖက် (လမ်းနှစ်ခု) ပြတ်သားစွာ သိမြင်နေရပြီ၊ လမ်းကတော့ (၂) လမ်းရှိတယ်၊ အဲဒီ လမ်း(၂)လမ်းကိုသွားတဲ့ သတ္တဝါတွေ ချိန်ကြည့်, ယှဉ်ကြည့်ပါ။

လမ်းကြီး(၂)လမ်းကို သွားနေတဲ့ သတ္တဝါတွေ ယှဉ်ကြည့်လိုက်တဲ့အခါ အဆင်းလမ်းသွားတာ ပိုများတယ်။ (လွယ်တာကိုး လျှောချရုံလေးပဲ)

http://www.dhammadownload.com



အတက်လမ်းကိုသွားတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ သိပ်နည်းနေတယ်၊ သူက ကြိုးကြိုးစားစား တက်ရတာဆိုတော့ စိတ်မနိုင်သူတွေ တော်တော်ခက်ကြတာပဲ။

စိတ်မနိုင်သူတွေ အဆင်းလမ်းကိုသာ လိုက်နေကြတယ်၊ စိတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေသာ အတက်လမ်းကို တက်နိုင်ကြတယ်။

* * *

http://www.dhammadownload.com

# လက်သည်းခွံပေါ်ကမြေမှုန့်နှင့် မဟာပထဝီမြေကြီးပေါ်ကမြေမှုန့်

ဘုရားပေးတဲ့ ဥပမာလေးတစ်ခု...

တစ်ချိန်က မြတ်စွာဘုရားသည် လက်သည်းခွံပေါ်မှာ မြေမှုန့်လေးတွေ တင်ပြတယ်။

"ချစ်သားရဟန်းတို့၊ ချစ်သားတို့ ချစ်သမီးတို့...ဟောဒီ လက်သည်းခွံပေါ်က မြေမှုန့်လေး မြင်ကြရဲ့လား"

"မှန်ပါ...မြင်ကြောင်းပါဘုရား"

"ဒီလက်သည်းခွံပေါ်က မြေမှုန့်လေးတွေနဲ့ ဟောဟို မဟာပထဝီမြေကြီးပေါ်က မြေမှုန့်တွေ ဘယ်မြေမှုန့်က များသလဲကွဲ့"

"မြတ်စွာဘုရား...နှိုင်းယှဉ်လို့မရနိုင်အောင် ကွာခြားလှကြောင်းပါဘုရား၊ လက်သည်းခွံပေါ်က

http://www.dhammadownload.com



မြေမှုန့်လေးတွေဆိုတာ ဟောဟို မဟာပထဝီမြေကြီးပေါ်က မြေမှုန့်နဲ့သာ ယှဉ်ကြည့်မယ်ဆိုရင် အရေအတွက်တောင် မပြုလုပ်လောက်အောင် နည်းလှကြောင်းပါဘုရား၊ ဟောဟို မဟာပထဝီမြေကြီးပေါ်က မြေမှုန့်ဆိုတာက တိုင်းတာ ကန့်သတ်လို့မရအောင် အလွန့်အလွန် များလှကြောင်းပါဘုရား"

"အေး. . .ဒီအတိုင်းပဲကွဲ့၊ ဘဝသံသရာမှာ အဆင်းလမ်းရယ်၊ အတက်လမ်းရယ်လို့ လမ်းနှစ်သွယ် ရှိတဲ့နေရာမှာ အဆင်းလမ်းကို လိုက်နေကြတဲ့ သတ္တဝါတွေဆိုတာက မဟာပထဝီမြေကြီးပေါ်က မြေမှုန့်လောက်များတာ၊

အတက်လမ်းကို လိုက်နေတဲ့ သတ္တဝါတွေဆိုတာက လက်သည်းခွံပေါ်က မြေမှုန့်လောက်လေးသာ ရှိတာဆိုတော့ သိပ်ကွာခြားသွားပြီ၊

ဒီလိုဆိုတော့ ပရိသတ်အပေါင်း သူတော်ကောင်းတွေ လက်သည်းခွံပေါ်က မြေမှုန့်လေးတွေဗျ၊ ရှားရှားပါးပါး"

* * *

http://www.dhammadownload.com

# အကောင်းမှန်ရင် နည်းတာချည်းပဲ

ရှားရှားပါးပါးဆိုတာနဲ့ အားငယ်ရမှာလား အားမငယ်ရပါဘူး၊ ဘာလို့တုန်းဆိုတော့ လောက မှာ အကောင်းမှန်ရင် နည်းတာချည်းပဲ၊ မကောင်း တာဆို များတာချည်းပဲ။

အဆိုးများပေမယ့် အဆိုးသည် အားမကိုး ရပါ၊ (စွမ်းအားမပါလို့ အားမကိုးရပါ)။

အကောင်းသည် နည်းသော်လဲ စွမ်းအား ပါလို့ အားကိုးရပါတယ်။

လောကမှာ ကြည့်စမ်းပါ၊ ဘုရားသည် တစ်ခါပွင့်ရင် တစ်ဆူတည်းပဲ ပွင့်ပါတယ်၊ ကမ္ဘာပေါင်းမြောက်မြားစွာ အကြာကြီးလဲ စောင့်ရ တယ်။

http://www.dhammadownload.com



အကြာကြီးလဲ စောင့်ရတယ်၊ ပွင့်လာတော့ တစ်ဆူတည်းပွင့်လို့ ဘုရားဟာ နည်းလှချည်လား လို့ အားငယ်စရာမလိုပါ။

ဘုရားတစ်ဆူ တစ်ဆူရဲ့ စွမ်းအားဆိုတာ သတ္တဝါအနန္တတွေ ခိုလှုံလို့၊ စွမ်းအားကိုယူလို့ မကုန်နိုင်လောက်အောင် စွမ်းအားတွေ အနန္တ ပြည့်စုံပါတယ်။

နည်းပေမယ့် အင်အားကောင်းတယ်၊ နည်း ပေမယ့် အားကိုးရလောက်အောင် စွမ်းအားပြည့် တယ်။

မကောင်းတဲ့အဆိုးတွေဆိုတာက များပေ မယ့် စွမ်းအားကမပါလို့ အားမကိုးရပါ၊ အဆင်း လမ်းမှာ သွားနေကြတဲ့ သတ္တဝါတွေ များပေမယ့် အားမကိုးရပါ။

အတက်လမ်းမှာသွားနေကြတဲ့ သတ္တဝါတွေ အရေအတွက်အားဖြင့် အလွန့်,အလွန် နည်းသော် လဲပဲ စွမ်းအားက ပါတဲ့အတွက် အားကိုးရတယ်။

ဒါကြောင့် ယခု သုမနဓမ္မဗိမာန် မလွန်ဆန် လှူသင်းထောက် ဒကာ, ဒကာမအပေါင်း သူတော်

http://www.dhammadownload.com



ကောင်းတွေ သဒ္ဓါ၊ ပညာ၊ မေတ္တာ ဆိုတဲ့ အကောင်းစိတ်တွေ ကိုယ်သန္တာန်မှာ ပေါ်လာတော့ အတက်လမ်းက သွားနိုင်ကြတယ်။

သာသနာတော်မြတ်ကြီးကိုလဲ ကြာကြာကြီး တည်အောင် ချီးမြှောက်နိုင်ကြတယ်၊ စောင့်ရှောက် နိုင်ကြတယ်၊ အားပေးနိုင်ကြတယ်။

* * *

http://www.dhammadownload.com

# အဆိုးဘက်ကိုပါသွားတယ်

* **ဆင်းကြသူငါ၊ များလှစွာ၊**
  **မြေမှာရှိတဲ့ မြေမှုန့်လို၊**

အဆင်းလမ်းလိုက်တဲ့ သတ္တဝါတွေက မဟာပထဝီမြေကြီးပေါ်က မြေမှုန့်တွေလောက် အလွန်များတယ်တဲ့။

* **တက်နိုင်သည့်စွဲ၊ အလွန်နည်း၊**
  **လက်သည်းပေါ်က မြေမှုန့်လို၊**

အပေါ်ကို တက်နိုင်တဲ့သတ္တဝါက နည်းလွန်းအားကြီးပါတယ်၊ လက်သည်းခွံပေါ်က မြေမှုန့်လေးလောက်ပဲရှိတယ်၊ အရေအတွက်အားဖြင့် သိပ်နည်းတယ်။

http://www.dhammadownload.com



ကိုယ့်ဟာကိုယ်ပဲ ယှဉ်ကြည့် တွက်ကြည့်ပါ၊ (၅)မိနစ်လောက်ပဲ တွက်ကြည့်စမ်းပါ၊ (၅) မိနစ် အချိန်အတွင်းမှာ ကိုယ့်စိတ်ကိုယ်နိုင်တာ ဘယ်လောက်ပါလို့လဲ။

ကိုယ့်စိတ်ကိုယ်မနိုင်ဘဲ လွတ်ချလိုက်ရတာ ဘယ်လောက်ပါသလဲလို့ (၅)မိနစ်လောက် စမ်းကြည့်ပါ။

တစ်ခါတစ်ရံ (၅)မိနစ်လုံး လုံးဝမမိဘူးဗျာ၊ အကုန်လုံး အဆင်းဘက် ပါသွားတယ်ဗျာ ဘာလုပ်နေမှန်းကို မသိလိုက်ဘူး။

တစ်ခါတစ်ရံ သတိထားလွန်းလို့ (၁)မိနစ်လောက် ဖမ်းမိတယ်၊ (၄)မိနစ်လောက် လွတ်လိုက်ရတယ်၊ အတက်ဖက်ကို (၁)မိနစ်လောက်ပါတယ်။

အဲသလို စသည်ဖြင့်ပေါ့ဗျာ၊ သတိစိုက်ပြီး ကြိုးကြိုးစားစား ယှူနိုင်တာတောင်မှ အချိန်အားဖြင့် တိုင်းတာကြည့်ရင် အဆိုးဘက်ကို အတော်များများ ပါ,ပါသွားတယ်၊ အကောင်းဘက်ကို ရောက်အောင် အတော်ကြိုးစားကြရပါတယ်။

F

http://www.dhammadownload.com



အထုံစာတ်တွေများပြီးတော့လာမှ အကောင်းစာတ်တွေများလာတာ။ ဒါကြောင့်မို့ အဆင်းနဲ့အတက်မှာ အဆင်းက များတယ်၊ (သိုသော်အားမကိုးရ) အတက်က နည်းတယ်၊ သို့သော်အားကိုးရတယ်၊ (စွမ်းအားကပါတာကိုး)

* * *

http://www.dhammadownload.com

# ကိုယ့်ကိုကိုယ် အရှုံးပေးရတဲ့ပွဲ

* စိတ်ကိုမနိုင်၊ စွမ်းအားယိုင်၊
ဒေးမှိုင်လျောကျ အောက်လမ်းကို။

စိတ်မနိုင်တဲ့ ပုဂ္ဂိုလ်တွေ တစ်ခါတည်း ငေးမှိုင်ပြီး အောက်ကို လျောကျသွားရတယ်၊ စိတ်မနိုင်ဘူးဗျာ၊ စိတ်ဓာတ်တွေ ကျပြီးတော့မှ လိမ့်ကျသွားကြတယ်၊ အောက်တန်းကို ရောက်သွားကြတယ်။

ဒါနလုပ်မယ်လို့ စိတ်ထဲ အားခဲထားတယ်၊ စိတ်မနိုင်တာနဲ့ဘဲ အို...နောက်မှလုပ်တော့မယ်၊ (စိတ်ကို အောက်လျောချလိုက်တာ)

ဒီနေ့ ဥပုသ်စောင့်မယ်လို့ အားခဲထားတယ်။ ဟော...နောက်မှ...၊ စိတ်မနိုင်ပြန်တော့ဘူး။

http://www.dhammadownload.com



စောစောက ဘုရားရှိခိုးမလို့၊ နောက်တော့၊ နောက်မှပဲ ရှိခိုးတော့မယ်၊

စောစောက ဒီနေ့ မေတ္တာတွေ နာရီဝက်လောက် ပို့ပွားနေမလို့၊ ဟော- နောက်မှပဲ လုပ်တော့မယ်၊

စောစောက ခန္ဓာဉာဏ်စိုက်ပြီး ဝိပဿနာအနည်းဆုံး (၁)နာရီလောက် အားထုတ်မယ်လို့ အားခဲထားပါတယ်၊ (၁)မိနစ်တောင် မလုပ်ဖြစ်ဘူး၊ ဟော- နောက်မှပဲ လုပ်ပါတော့မယ်၊ (အဆင်းစိတ်တွေချည်း)

အဲသလိုချည်း ဖြစ်ဖြစ်သွားတယ်၊ စိတ်မနိုင်တာက များတယ်။

ဒါကြောင့် ကိုယ့်ကိုကိုယ် အရှုံးပေးရတဲ့ ရှုံးပွဲသာ အနစ်နာဆုံး၊ သူများအရှုံးပေးရတာ အပေါ်ယံမကျပါဘူး၊ ကိုယ့်ဟာကိုယ် အရှုံးပေးရတာက အပေါ်ယံကျတယ်။

ကိုယ့်ဟာကိုယ် အရှုံးပေးရတာ အနစ်နာဆုံး၊ ကိုယ်ဟာကိုယ်အရှုံးပေးရတာ ကျက်သရေအယုတ်ဆုံး၊ ကိုယ့်ဟာကိုယ် အရှုံးပေးရတာ အောက်တန်းအကျဆုံး။

http://www.dhammadownload.com



*** စိတ်ကိုမနိုင်၊ စွမ်းအားယိုင်၊**
**ဒေးမှိုင်လျှောကျ အောက်လမ်းကို၊**

အောက်ကိုဆင်းချင်လို့ ဆင်းကြရတာမှ မဟုတ်ပဲဗျ၊ စိတ်မနိုင်လို့ ဆင်းကြရတာ။

*** စိတ်ကိုနိုင်မှ၊ တက်နိုင်ကြ၊**
**ရောက်ရ အထက်ကို၊**

အထက်ဆိုတာ ရောက်စေသတည်းလို့ တစ်စုံတစ်ယောက်က တွန်းပို့လဲ ရောက်တာ မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် ရောက်ချင်ရုံလေးနဲ့ လဲ ရောက်ရတာ မဟုတ်ဘူး၊ စိတ်နိုင်သူတွေသာ ရောက်တာ။

– ဒါနနဲ့ တန်အောင် စိတ်ကိုနိုင်တဲ့ပုဂ္ဂိုလ်၊ ဒါနအလုပ်လုပ်နိုင်ကြတယ်။

– သီလနဲ့တန်အောင် စိတ်ကိုနိုင်တဲ့ပုဂ္ဂိုလ်၊ သီလကျင့်သုံးနိုင်ကြတယ်။

– သမာဓိနဲ့တန်အောင် စိတ်ကိုနိုင်တဲ့ပုဂ္ဂိုလ်၊ သမာဓိပွားများနိုင်ကြတယ်။

–ဝိပဿနာနဲ့တန်အောင် စိတ်ကိုနိုင်တဲ့ ပုဂ္ဂိုလ် ဝိပဿနာပွားနိုင်ကြတယ်။

http://www.dhammadownload.com



ဒါကြောင့် လောကရှုံးပွဲဟူသမျှတို့မှာ ကိုယ့်ဟာကိုယ် အရှုံးပေးရတဲ့ပွဲသာ အနစ်နာဆုံး။

လောကအောင်ပွဲမှန်သမျှတို့တွင် ကိုယ့်ဟာကိုယ် အနိုင်ယူတဲ့အောင်ပွဲသာ အမြင့်မြတ်ဆုံးပါ။

သူများကို အနိုင်ယူရတဲ့ အောင်ပွဲက သုဂတိရောက်အောင် ပို့ချင်မှ ပို့နိုင်မှာပါ၊ ကိုယ့်ဟာကိုယ် အနိုင်ယူရတဲ့ အောင်ပွဲကသာ သုဂတိနိဗ္ဗာန်ရောက်ဖို့ သေချာပေါက်လမ်းကြီး၊ သေချာပေါက်စွမ်းအားကြီး။

* **ဆင်းကြသူငါ၊ များလှစွာ၊**
  **မြေမှာရှိတဲ့ မြေမှုန့်လို၊**
* **တက်နိုင်သည့်ခွဲ၊ အလွန်နည်း၊**
  **လက်သည်းပေါ်က မြေမှုန့်လို၊**
* **စိတ်ကိုမနိုင်၊ စွမ်းအားယိုင်၊**
  **ငေးမှိုင်လျောကျ အောက်လမ်းကို၊**
* **စိတ်ကိုနိုင်မှ၊ တက်နိုင်ကြ၊**
  **ရောက်ရ အထက်ကို။**

ဒါကြောင့် သဗ္ဗေ–ခပ်သိမ်းဉသံ့ အလုံးစုံသော၊ တေ–ထိုကောင်းမှုကုသိုလ်တရားတို့သည်၊

http://www.dhammadownload.com



ဥပရိဘာဂဂင်္ဂမနိယာ-လူနတ်နိဗ္ဗာန်သုံးတန်ချမ်းသာ ကောင်းစွာရအောင်၊ အထက်တန်းသို့သာ ရောက်ရှိစေတတ်ကြကုန်သည်၊ ဟောဒ္ဓိ-မုချမသွေ ဖြစ်ကြပါပေကုန်သတည်း။

* * *

http://www.dhammadownload.com

# သံသရာကြိုးကြီး(၂)ချောင်း

စိတ်မနိုင်သူတွေ အောက်ဆင်းကြရတာပဲ၊ ဘဝသံသရာကြီး တစ်ခုလုံးဆိုတာ အဝိဇ္ဇာနဲ့ တဏှာ (၂)ပါး ထိန်းချုပ်ထားတာဗျ၊ သံသရာကြိုးကြီး (၂)ချောင်းဆိုတာ အဝိဇ္ဇာနဲ့ တဏှာ။

သတိပညာ အားနည်းရင် အလှူလေးလုပ်တာတောင် သူတို့က ရှေ့က ကန့်လန့်၊ ကန့်လန့်၊ တရားအားထုတ်တဲ့ အလုပ်လေးလုပ်တာတောင်မှ သူတို့က ကန့်လန့်ကန့်လန့် လုပ်ချင်သေးတယ်၊ အဝိဇ္ဇာနဲ့ တဏှာဟာ သံသရာမှာ ချုပ်ကိုင်ထားတဲ့ ကြိုး(၂)ချောင်း။

http://www.dhammadownload.com



အဝိဇ္ဇာဆိုတာ ဆင်းရဲဒုက္ခအပူတည်ဆောက်ရေးအဖွဲ့ကြီးရဲ့ ဥက္ကဋ္ဌလို့ ခေါ်တယ်၊ တဏှာဆိုတဲ့ လောဘက ဆင်းရဲဒုက္ခအပူ တည်ဆောက်ရေးအဖွဲ့ကြီးရဲ့ အကျိုးဆောင် အတွင်းရေးမှူးချုပ်ကြီး။

သူတို့(၂)ပါးက ချယ်လှယ်နေပါတယ်၊သူတို့(၂)ပါး အဖြစ်များလာရင် ကုသိုလ်တွေ တစ်စ, တစ်စ အားနည်း ပျောက်ကွယ်သွားတယ်။

- တစ်ခါတစ်ရံ စ,တောင် မစဖြစ်ဘူး၊ အစလေးကို ပေါ်မလာဘူး။
- တစ်ခါတစ်ရံ လုပ်မယ်လို့ အားခဲပြီးတော့ အစလေးဖော်ပေးလိုက်တယ်၊ မကြာခင် အစပျောက်ပစ်လိုက်တယ်။
- တစ်ခါတစ်ရံ စ,လိုက်တယ်၊ နည်းနည်းလေးလုပ်မိတယ်၊ လမ်းဆုံးမရောက်ဖူး၊ လမ်းတစ်ဝက်တင် ပြတ်သွားတယ်။
- တစ်ခါတစ်ရံ ပြီးကာနီးလေးမှာ ပြတ်သွားတယ် စသည်ဖြင့်ပေါ့။

သံသရာထိန်းကြိုးကြီး (၂)ချောင်းရဲ့ အစွမ်းကြောင့် စိတ်ကို မနိုင်ကြဘူး၊ ကိုယ်လိုချင်တဲ့

http://www.dhammadownload.com



စွမ်းအားတွေ လိုချင်လျက်သားနဲ့ လက်လွှတ် ဆုံးရှုံးခံကြရတယ်။

ဒါကြောင့် အဝိဇ္ဇာနဲ့ တဏှာက ကြိုးချုပ် ကိုင်ထားတာ၊ သံသရာလည်နေကြတာ၊ အမှန် တော့ သူတို့ (၂)ပါးကြောင့်။

* * *

http://www.dhammadownload.com

## သံသရာဆိုတာ

* **ခန္ဓာအာဓါတ်၊ ချားရဟတ်သို့**
**မပြတ်ဖြစ်ပေ၊ ဆက်စပ်နေ၊**
**မှတ်လေသံသရာ။**

သံသရာဟာ တခြားမှာ ဘေးမှာလို့ မထင်နဲ့၊ ဒီခန္ဓာကိုယ်ကြီးကို သံသရာလို့ခေါ်တာ၊ ခန္ဓာတွေ၊ ဓာတ်တွေ၊ ရုပ်တွေ၊ နာမ်တွေ၊ ချားရဟတ်လို လည်ပတ်ပြီးနေသကဲ့သို့ အဆက်မပြတ် ဖြစ်လိုက်ပျက်လိုက်၊ အိုလိုက်နာလိုက်၊ သေလိုက်၊ ဆင်းလိုက်၊ တက်လိုက်နဲ့ သံသရာကြီးမှာ ခန္ဓာချင်းစပ်ပြီး လည်ပတ်လို့သွားနေကြတာ အဲဒါ သံသရာခေါ်တယ်။

http://www.dhammadownload.com



*** အဝိဇ္ဇာမှောင်၊ ကင်းအောင်မပွား၊**
**မကြိုးစားလတ်၊ ခန်အာဓာတ်၊**
**နောက်ထပ်ဖြစ် အုန်းမှာ။**

အဝိဇ္ဇာနဲ့ တဏှာကင်းအောင် ဆင်းရဲဒုက္ခ အပူတည်ဆောက်ရေးအဖွဲ့ကြီးရဲ့ဥက္ကဋ္ဌ အဝိဇ္ဇာ ဆိုတဲ့ မောဟအမှောင်ကင်းအောင် အားမထုတ်နိုင် သေးဘူးဆိုရင် (လာမှာပေါ့) အကျိုးဆောင်အတွင်း ရေးမှူးချုပ်ကြီး တဏှာက လာနေမှာပဲ။

ပွားများအားထုတ်ခြင်း၊ အထက်ကိုတက် နိုင်တဲ့ တရားစွမ်းအားတွေ ရအောင်ယူနိုင်ခြင်း မရှိသေးရင်တော့ နောက်ထပ် ခန္ဓာတွေ လာအုန်း မှာပဲ။

*** ဖြစ်လာပြန်က ပျက်စီးရ၊ မုချဆင်းရဲပါ**

ဖြစ်လာပြန်တော့ ဘာထူးလဲ၊ ပျက်ရမယ့် အမျိုးပဲ ဖြစ်လာဦးမှာပေါ့၊ တစ်ခါတစ်ရံ အပါယ်ကို ကျသွားမယ်၊ (အောက်ကိုရောက်သွားမယ်) တစ်ခါ တစ်ရံ ကုသိုလ်အထုံလေးပါလာလို့ သုဂတိဘုံဘဝ ရောက်တယ်ပဲထားဦးတော့၊ ပျက်မယ့်အမျိုးပဲရမှာ၊ အချိန်တန် ပျက်ဦးမှာပဲ။

* * *

http://www.dhammadownload.com

# အစုန်နှင့်အဆန်, အဆင်းနှင့်အတက်

* **အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ကြောင့်၊ မောဟိုက်မဆုံး၊ အပွတုံးဖြင့်၊ နိမ့်ပြန်မြင့်ပြန်၊ အဖန်ဖန်၊ စုန်ဆန်မျောရပါ။**

အစုန်နဲ့အဆန်၊ အဆင်းနဲ့အတက်ဆိုတာ အမှန်တော့ သူတို့ (အဝိဇ္ဇာနဲ့တဏှာ)ကြောင့်ပါ၊ သူတို့ကို ပယ်ခွာမှုနည်းသလောက် အဆင်းနောက်ကို ပါရတာပဲ၊ သူတို့ကို ပယ်ခွာမှုအားကောင်းရင် ကောင်းသလောက် အတက်နောက်ကို ပါကြရမှာပဲ။

http://www.dhammadownload.com



ဆင်းတာနဲ့ တက်တာ ဆင်းတာကများ၊ ဆန်တာက တစ်ခါတစ်ရံလေးပါ၊ စိတ်နိုင်တဲ့ အချိန် တစ်ခါတစ်ရံလေးလောက်ပဲ ဆန်နိုင် တက်နိုင်ကြတယ်။

အဝိဇ္ဇာက အရမ်းမိုက်တော့ တဏှာက အရမ်းကြိုက်၊ ခန္ဓာတွေအရမ်းလိုချင်၊ စည်းမရှိ ကမ်းမရှိလက်ခံ၊ နောက်တော့ မောဟိုက်ပင်ပန်းပြီး နိမ့်လိုက်မြင့်လိုက်၊ ဆင်းလိုက်တက်လိုက်၊ ကိုယ့် ဟာကိုယ် ထိန်းနိုင်စွမ်း သိမ်းနိုင်စွမ်း လုံးဝမရှိ၊ မျောချင်သလို မျောပြီးတော့ သွားရမယ့် သံသရာ ခရီးကြီး။

အဲသလိုဆို မိမိတို့က အမှတ်တမဲ့နေလို့ မဖြစ်ပေဘူးလေ၊ သာသနာ့လမ်းကြောင်းကြီးတွေ့ တုန်းတော့ ကံထိန်းခလုတ် အသိဉာဏ် စနစ်တကျ တပ်ဆင်ပြီးတော့ နိဗ္ဗာန်ရောက်သည်အထိ သေချာ ပေါက် အလုပ်ကိုတော့ လုပ်ထားမှ တော်ပေလိမ့် မယ်။

- **အဝိဇ္ဇာမှောင်၊ ကင်းအောင်ဖြိုခွင်း၊**
  **ဉာဏ်အလင်း၊ ထည့်သွင်းမြတ်ပညာ၊**

http://www.dhammadownload.com



အဝိဇ္ဇာဆိုတာ ကင်းအောင်လုပ်နိုင်မှ ဉာဏ်အလင်းဆိုတာ ပေါ်လာမယ်၊ ကံကိုထိန်းချုပ်ပေးနိုင်တဲ့ စစ်မှန်တဲ့ ဉာဏ်အလင်းရမှ ကိုယ့်လမ်းကိုယ်ရှင်းနိုင်ကြမှာ။

* * *

http://www.dhammadownload.com

## ပစ္စုပ္ပန်အရေးအကြီးဆုံး

- **ဗုဒ္ဓညွန်ကြား၊ မြတ်တရားကြောင့်၊ အမှားကင်းစင်၊ စိတ်ကြည်လင်၊ အမြင်ရှင်း၍လာ။**

ဘုရားသာသနာကျေးဇူးကြောင့် ကိုယ်သွားရမယ့် လမ်းကြီး ပြတ်ပြတ်သားသား သိကြပြီ၊ ကိုယ်လုပ်ရမယ့် အလုပ်တွေသိကြပြီ၊ သိတုန်းလေး ကြိုးစားအားထုတ်ကြရမှာပေါ့။

သာသနာကတော့ပစ္စုပ္ပန် အရေးကြီးဆုံးပါ၊ မနက်ဖြန်ထက် ဒီနေ့က ပိုအရေးကြီးပါတယ်၊ နောက်နှစ်ထက် ဒီနှစ်က ပိုအရေးကြီးပါတယ်၊ နောက်ဘဝထက် အခုဘဝ ပိုအရေးကြီးပါတယ်၊

http://www.dhammadownload.com



ဒီလို ပစ္စုပ္ပန်အရေးအကြီးဆုံး ဖြစ်သော ကြောင့် ပစ္စုပ္ပန်အခွင့်အရေးကို လက်လွှတ်မခံဘဲ ကြိုးစားပါ။

* ခန္ဓာအာဓါတ်၊ ချားရဟတ်လို၊
  မပြတ်ဖြစ်ပေ၊ ဆက်စပ်နေ၊
  မှတ်လေသံသရာ။
* အဝိဇ္ဇာမှောင်၊ ကင်းအောင်မပွား၊ မကြိုးစား လတ်၊ ခန်အာဓာတ် နောက်ထပ်ဖြစ်အုန်း မှာ။
* ဖြစ်လာပြန်က၊ ပျက်စီးရ၊ မုချဆင်းရဲပါ။
* အဝိဇ္ဇာမိုက်၊ တဏှာကြိုက်ကြောင့်၊ မောဟိုက်မဆုံး၊ အပူတုံးဖြင့်၊ နိမ့်ပြန်မြင့်ပြန်၊ အဖန်ဖန်၊ စုန်ဆန်မျောရပါ။
* အဝိဇ္ဇာမှောင်၊ ကင်းအောင်ဖြိုခွင်း၊ ဉာဏ် အလင်း၊ ထည့်သွင်းမြတ်ပညာ။
* ဗုဒ္ဓညွှန်ကြား မြတ်တရားကြောင့်၊ အမှား ကင်းစင်၊ စိတ်ကြည်လင်၊ အမြင်ရှင်း၍ လာ။

ခန္ဓာအာဓာတ် ချားရဟတ်လို၊ မပြတ်ဖြစ် ပေ၊ ဆက်စပ်နေ၊ မှတ်လေသံသရာ၊ F 41

http://www.dhammadownload.com



အဲသလို လမ်းကြောင်းကြီးတွေ့တုန်း ကြိုးစားကြရမယ်၊ ကိုယ့်ကို လမ်းကြောင်းဖော် ပေးသော ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကိုလဲပဲ အဖိုးတန်လွန်းလှချည်လား ဆိုပြီးတော့ ကြာကြာ တည်စေချင်တယ်၊ ပြန့်ပွားစေချင်တယ်။

ဒါကြောင့် ယခု ဒကာ, ဒကာမအပေါင်း သူတော်ကောင်းတွေ စစ်မှန်သော သဒ္ဓါ၊ ပညာ၊ မေတ္တာနဲ့ စုပေါင်းပြီး ချီးမြှောက်အားပေး စောင့် ရှောက် ထိန်းသိမ်းနေကြတာပဲ။

* * *

http://www.dhammadownload.com

# ဘယ်အပျော်နဲ့မှ ယှဉ်လို့မရ

ဘုရားလက်ထက်တုန်းက၊ သာဝတ္ထိမြို့မှာ ဓနီးမောင်နှံနှစ်ဦး ရှိခဲ့ဖူးတယ်၊ မြန်မာလိုတော့ ကိုလုံးနဲ့ မပြုံးလို့ ခေါ်ရမှာပေါ့။

သဒ္ဓါတရား အင်မတန်ကောင်းကြပါတယ်၊ ဗုဒ္ဓသာသနာနဲ့ ကောင်းကောင်းကြီး တွေ့ဆုံခွင့် ရကြတော့ (လမ်းကြောင်းလေးတွေ့ခိုက်တော့) ကောင်းတဲ့လမ်းပဲ လိုက်တော့မယ်၊ အစွမ်းကုန် ကုသိုလ်ပဲ အားထုတ်မယ်လို့ ဆုံးဖြတ်ပြီးတော့ ဓနီးမောင်နှံ (၂)ယောက် နေ့တိုင်း ပုံမှန်ဝတ်ထားပြီး ဆွမ်းတွေလောင်းလှူ၊ အလှူဒါနတွေ နေ့စဉ်လုပ်၊ မိသားစုအချင်းချင်း ကျွေးတာတောင် အလှူပွဲ

http://www.dhammadownload.com



ကြီးတွေဖြစ်အောင်၊ စစ်မှန်တဲ့ သဒ္ဓါ၊ ပညာ၊ မေတ္တာတွေနဲ့ ကြိုးစားအားထုတ်ကြတယ်။

သီလကိုလဲ လုံအောင် စောင့်ထိန်းလို့၊ ဥပုသ်နေ့အခါမှာ ဥပုသ်တွေလဲစောင့်သုံးလို့၊ နေ့စဉ် မေတ္တာတွေပွား၊ တရားစွမ်းအားတွေ ယူလို့ ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်ကြတယ်။

'ဒို့လောက် အရတော်တဲ့သူ ရှိသေးလို့လားဟယ်'၊ ဒီလိုတောင် စိတ်ထဲမှာ အားတက်ကြတယ်၊ အားရကြတယ်ဗျ။

ဗုဒ္ဓ,ဓမ္မ,သံဃဆိုတဲ့ ရတနာသုံးပါးနဲ့ တွေ့တဲ့ ပုဂ္ဂိုလ်ဆိုတာ လောကမှာ ဘာရှိတာနဲ့မှ မတူဘူးလေ၊ ပိုက်ဆံရှိတဲ့လူ ပျော်တာနဲ့လဲ ယှဉ်လို့မရပါဘူး၊ ပစ္စည်းပေါတဲ့ ပုဂ္ဂိုလ်တွေပျော်တဲ့ အပျော်နဲ့လဲ ယှဉ်လို့မရပါဘူး၊ ဘာပေါတာနဲ့လဲ ယှဉ်လို့မရပါဘူး။

ဗုဒ္ဓ, ဓမ္မ, သံဃ ဆိုတဲ့ ရတနာသုံးပါးနဲ့ တွေ့တဲ့ပုဂ္ဂိုလ်သာ တရားပေါ်မှာပေါ့၊ အတက်လမ်းကို လိုက်နိုင်မှာပေါ့၊ အဲဒါနဲ့ သဒ္ဓါတရားကောင်းမွန်စွာနဲ့ ဉာဏ်ပညာပါ တွဲ၍ ကြီးမားတဲ့

http://www.dhammadownload.com



မေတ္တာစေတနာတွေနဲ့ ကုသိုလ်ကောင်းမှုတွေကို ပျော်ပျော်ကြီး အားထုတ်ပြုလုပ်နေကြတယ်။

တစ်အိမ်လုံးလဲ စိတ်ချမ်းသာလို့၊ ပျော်လို့၊ ရပ်ကွက်တဲမှာဆိုလဲ ကိုလုံးတို့ မပြုံးတို့ပါမှ ကိစ္စပြီးတယ်၊ ကုသိုလ်ရေးကိစ္စတွေမှာ နေရာတိုင်း သူတို့က မျက်နှာပန်းလှလို့။

သဒ္ဒါတရား၊ မေတ္တာတရား အားကြီးတော့ ဟိုနားဒီနားဆိုလဲ ကိုလုံးတို့၊ မပြုံးတို့ပါမှ ဘယ်နေရာမဆို သူတို့က ကုသိုလ်တရားကို ထက်ထက်သန်သန် ပြုလုပ်အားထုတ်ကြတယ်၊ အတက်လမ်းကို ရဲရဲကြီး လိုက်နေကြတဲ့ ဇနီးမောင်နှံ (၂)ယောက်ပါ။

* * *

http://www.dhammadownload.com

# အချိန်ကိုမဖြုန်းဘူး

တစ်နေ့သောအခါမှာ သူတို့အိမ်ရှေ့ ဆရာတော်တစ်ပါး ဆွမ်းခံကြွလာ၊ ဆရာတော်ဘွဲ့အမည်က ဦးတိဿတဲ့။

ဆရာတော်ဦးတိဿ သူတို့အိမ်ရှေ့ အိမ်ခြေသိက္ခာ တည်ငြိမ်ရင့်ကျက်စွာနဲ့ လမ်းသွားတာတောင်မှအမှတ်တမဲ့မသွား၊ ဘယ်လှမ်း ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်ညာလှမ်းတယ်နဲ့ အချိန်ကိုမဖြုန်းဘူး။

သာသနာတွင်း လူဖြစ်တယ့်ပုဂ္ဂိုလ်ဟာ ဖြုန်းရမယ့်အချိန် လုံးဝမပါဘူးလေ၊ အဝိဇ္ဇာနဲ့တဏှာဝင်ရှုပ်လို့သာ ဖြုန်းမိကြတာကိုဗျ၊ သတိ

http://www.dhammadownload.com



ပညာ အားကောင်းတဲ့ပုဂ္ဂိုလ်တွေ ဖြုန်းရမယ့်အချိန် လုံးဝမပါ။

စားချိန်လဲ စားချိန်မို့ သုံးရမှာပဲ၊ ချက်ပြုတ်ချိန်လဲ ချက်ပြုတ်ချိန်မို့ သုံးရမှာပဲ၊ ရောင်းဝယ်ချိန်လဲ ရောင်းဝယ်ချိန်မို့ သုံးရမှာပဲ။

ဘယ်အချိန်မှ ဖြုန်းပစ်ရမယ့်အချိန်က မပါ၊ တရားသဘော နားလည်သူတစ်ယောက်အနေနဲ့ အချိန်ဘယ်ဖြုန်းရက်တော့မလဲ။

ဒါကြောင့် ဆရာတော်ဦးတိဿ လမ်းသွားတာတောင်မှ အမှတ်တမဲ့မသွား၊ ဘယ်လှမ်းတယ် ညာလှမ်းတယ်နဲ့ တရားမှတ်လေးနဲ့ကြွ၊ အိန္ဒြေသိက္ခာကြီးမားစွာနဲ့ကြွ၊ မေတ္တာတွေ လွှမ်းခြုံလို့လဲ ကြွ။

ကိုလုံးတို့ မပြုံးတို့အိမ်ရှေ့ကို ကြွ၊ ဆွမ်းရပ်တော်မူတော့ ဇနီးမောင်နှံ (၂)ယောက်စလုံးမှာ သဒ္ဓါတရား တကယ်ကောင်းတာကိုး၊ (၂)ယောက်စလုံး အတူတူပဲ ပြေးလာ

"အရှင်ဘုရား–အရှင်ဘုရား၊ ကြွပါဦးဘုရား ကြွပါဦးဘုရား" ဆွမ်းများလောင်းလှူ၊ ဝမ်းသာ

http://www.dhammadownload.com



အားရ လောင်းလှူ၊ နောက်နေ့လဲ ဒီလိုပဲ ကြွလာ၊ ဇနီးမောင်နှံ(၂)ယောက် ပျော်ပျော်ရွှင်ရွှင်လောင်းလှူ၊ အဲဒါနဲ့ ရက်ကလေးအတော်ကြာလာတော့ သဒ္ဓါ တရားတွေ တဖွားဖွားဖြစ်လာတယ်။

"ဩော်– အရှင်မြတ်တွေ အချိန်မဖြုန်းကြ ဘူးနော်၊ မိမိခန္ဓာကိုယ်ကြီးကို အဖိုးတန်အောင် သုံးပြီးတော့မှ တရားထဲမှာ နှစ်မြှုပ်ထားကြတာပဲ၊ ရသမျှအချိန်ဟာ တရားအတွက်ချည်းပါလား၊ သာသနာအတွက်ချည်းပါလား"

သဒ္ဓါတရားတွေ ပိုပြီးတော့တိုး၊ မေတ္တာ တရားတွေ ပိုပြီးတော့အားကြီး၊ အသိပညာတွေ ပိုပြီးတော့အားကောင်းလာတော့ ဆွမ်းလောင်းလှူ ပြီးရင် (၂)ယောက်စလုံး လျှောက်ကြတယ်။

* * *

http://www.dhammadownload.com

# သဒ္ဓါ, ပညာ, မေတ္တာပေါ်လို့

"ဆရာတော်ဘုရား မနက်ဖြန်ကစပြီး တပည့်တော် တပည့်တော်မတို့အိမ်ကို ဆွမ်းဘုဉ်းပေး ကြွပါဘုရား၊ ရာသက်ပန်ပါဘုရား၊ ဘယ်အိမ်ကိုမှ ဆွမ်းခံကြွဖို့ မလိုတော့ပါဘူး၊ တပည့်တော် တပည့်တော်မတို့ အိမ်တစ်အိမ်ထဲကို ကြွရုံလေးပါဘုရား၊ ဆရာတော်ဘုရား တစ်ပါးထဲကို တပည့်တော်တို့အိမ်က အကုန်တာဝန်ယူနိုင်ပါတယ်ဘုရား၊ ဆွမ်းဘုဉ်းပေးချိန်ကျရင် ကြွလာရုံလေးပါ၊ နေ့တိုင်းပုံမှန် ရာသက်ပန် ကြွတော်မူပါဘုရား"

သဒ္ဓါ၊ ပညာ၊ မေတ္တာတွေက (၂)ယောက်စလုံး ထက်ထက်သန်သန်ကြီး ကောင်းနေကြတော့

http://www.dhammadownload.com



ဒီ(၂)ယောက်စလုံး အတက်လမ်းကို လိုက်တော့မယ်လို့ ဆုံးဖြတ်ထားတဲ့ ဇနီးမောင်နှံ(၂)ယောက်၊ စိတ်တူဆန္ဒတူ ဆရာတော်ကို ဝိုင်းလျှောက်ကြလို့ ဆရာတော်က လက်ခံလိုက်ပါတယ်။

နောက်နေ့ကစပြီး ဆရာတော်ဦးတိသကိုလုံးတို့ မပြုးတို့အိမ် ဆွမ်းဘုဉ်းပေးရမယ့်အချိန်ရောက်တော့ ကြွပြီး ဆွမ်းဘုဉ်းပေးရုံလေးရယ်၊ ဘယ်အိမ်မှ ကြွစရာမလိုတော့ဘူး။

ပစ္စည်းပေါလို့ မဟုတ်ဘူးလေ၊ သဒ္ဓါ၊ ပညာ၊ မေတ္တာပေါလို့၊ သာသနာပေါ်မှာ အကြွင်းမဲ့ သက်ဝင်ယုံကြည်လို့။

တရားစွမ်းအား ဘယ်လောက်အားကိုးရတယ်ဆိုတာ သိမြင်နေကြလို့ ကိုယ့်ရှိတဲ့ပစ္စည်းလေး ထုတ်ပြီးတော့ လဲလှယ်ကြတာပါ၊ ဒီ့ကိုလမ်းကြောင်းဖော်ပေးတဲ့ သာသနာတော်ကြီးကိုလဲ တတ်နိုင်တဲ့ဘက်က ချီးမြှောက် စောင့်ရှောက်ရမှာပဲ ဆိုတဲ့ (တာဝန်ကိုသိတဲ့) အသိစိတ်လေးပါကြပါတယ်။

* * *

http://www.dhammadownload.com

# အလှူခံပုဂ္ဂိုလ်ဆိုတာ

သူများပစ္စည်း အလှူခံတဲ့ပုဂ္ဂိုလ်ဆိုတာ လှူသူ အကျိုးရှိအောင် ကြိုးစားရပါတယ်၊ ဆရာတော် ဦးတိဿလဲ သူ့ကို နေ့စဉ် လှူဒါန်းနေသူများ အကျိုးရှိအောင် ငါကြိုးစားမှဖြစ်မယ်ဆိုတဲ့ စိတ်ကို တင်းပြီးတော့ ကိုလုံးတို့ မပြုံးတို့လဲ အကျိုးရှိအောင် သာသနာလဲ ချီးမြှောက်ရာရောက်အောင် ငါလဲပဲ ဘဝကောင်း ရကျိုးနပ်အောင် (အတက်လမ်းကို လမ်းဆုံးအထိ လိုက်တော့မယ်ဟဲ့လို့)၊ အဆင်းနဲ့ အတက် လမ်းနှစ်ဖက်မှာ ဆရာတော်ဦးတိဿက တော့ ပန်းတိုင်အထိ ဒီဘဝမှာတင် အရောက်တက် မယ် ဆုံးဖြတ်ပြီးတော့ ပစ္စည်းလေးပါး ပြည့်စုံစွာ ရနေခိုက် သပ္ပါယပြည့်စုံမှုတနေခိုက်မှာ ငါကြိုး စားမှ ဖြစ်မယ်လို့ ဆုံးဖြတ်တယ်။

http://www.dhammadownload.com



ကျောင်းရောက်ရင် အလကားမနေဘူး၊ အိမ်ကနေ ကျောင်းပြန်ရင် ဘယ်လှမ်း တယ်ညာ လှမ်းတယ်ကအစ အကုန်လုံးမှတ်၊ ကျောင်းရောက် တော့လဲ အချိန်တွေယူ၊ အိပ်ချိန်တွေလျှော့၊ ကိလေသာနဲ့ အချိန်ဖြုန်းဖို့ အစွမ်းကုန်လျှော့။

နေ့တိုင်း အတက်လမ်းကိုလိုက်လိုက်တော့ သဒ္ဓါတရားကလဲ ကောင်း၊ သတိကလဲ အားကောင်း၊ ဝီရိယစိတ်ကလဲ အစွမ်းကုန်တင်ထား၊ အသိဉာဏ်ပညာမျက်လုံးကို အစွမ်းကုန်ဖွင့်ပြီး တော့ ကြိုးစားအားထုတ်လိုက်တာ မကြာခင် ရဟန္တာဖြစ်သွားတယ်။

ဪ– ကိုလုံးတို့ မပြုံးတို့ ဆွမ်းလှူရကျိုး နပ်ကြတာပေါ့လေ၊ ဆရာတော်ဦးတိဿလဲပဲ ဆုံးဖြတ်ချက်ရှိတဲ့အတိုင်း ပန်းတိုင်ရောက်သွား တော့ ရဟန်းပြုရကျိုး၊ သာသနာနဲ့တွေ့ရကျိုး နပ်တာပေါ့။

အလှူဒကာ, အလှူအစ်မတွေအနေနဲ့ ဝမ်း သာစရာပေါ့၊ ဆရာတော်ဦးတိဿအနေနဲ့လဲ ဂုဏ်ယူစရာပေါ့။

* * *

http://www.dhammadownload.com

# အရတော်လိုက်တာ

ရဟန္တာဖြစ်သွားတဲ့ ဆရာတော်ဦးတိဿလဲ ကိုလုံး၊ မပြုံးတို့အိမ် ဆက်ပြီးတော့ အချိန်တန်ကြွ ဆွမ်းဘုဉ်းပေး၊ အလှူခံနေလိုက်တာ (၁၂)နှစ် တောင် ကြာသွားပါသတဲ့။

ကိုလုံးတို့၊ မပြုံးတို့ကလဲ ဆရာတော်ဦးတိ ဿကို ဖခင်အရင်းလိုပဲ ချစ်မြတ်နိုးတာလဲပါတယ်၊ သံဃာတော်အရှင်မြတ်လို လေးစားတယ်ဆိုတာလဲ ပါတယ်။

"ဆရာတော်ဘုရား၊ တပည့်တော် တပည့် တော်မတို့ကို သားအရင်း သမီးအရင်းလို သဘော ထားပြီး ဆုံးမတော်မူပါဘုရား၊ မတော်တာတွေ့လဲ သွန်သင်တော်မူပါ၊ တားမြစ်တော်မူပါ၊ လမ်းမှန် ရောက်အောင်လဲ ညွှန်ကြားပေးတော်မူပါဘုရား"

http://www.dhammadownload.com



နေ့တိုင်း ဆရာတော်ကို ဆုံးမဖို့၊ လမ်းညွှန်ဖို့ လျှောက်ကြ၊ ဆရာတော်ဦးတိဿကလဲ အခွင့်သင့်ရင် သင့်သလို ဘဝနေနည်းတွေ၊ ဘဝအသုံးချနည်းတွေ၊ အချိန်ကိုမဖြုန်းဘဲနဲ့ ဘဝကို အဖိုးတန်အောင် သုံးနည်းတွေ၊ အဆင်းလမ်းကိုမပါဘဲ အတက်လမ်းကိုပါအောင် သွားပုံလေးတွေ အခါအားလျော်စွာ တရားစကားတွေပြောပြီး လမ်းညွှန်ပေးတော်မူပါတယ်။

အဲဒါနဲ့ (၁၂)နှစ်တောင် ကြာသွားတယ်၊ ကိုလုံးတို့ မပြုံးတို့ကလဲ

"ဒို့များ အရတော်လိုက်တာ၊ ဖခင်အရင်းပမာ မေတ္တာကရုဏာအားကြီးတော်မူတဲ့ ဆရာတော်နဲ့ တွေ့ရပေတယ်၊ တရားလမ်းကောင်းလမ်းမှန်တွေ ညွှန်ပြပေးတော်မူတဲ့ ဆရာသမားကောင်းကြီးနဲ့ တွေ့ရတာ ဒို့များ အရတော်လိုက်တာ" ဆိုပြီး ဝမ်းသာဂုဏ်ယူမဆုံးကြပါဘူး။

* * *

http://www.dhammadownload.com

# လောကရဲ့ရတနာ

(၁၂)နှစ် ပြည့်ပြီးတဲ့နောက် တစ်နေ့သော အခါရောက်တော့ ဆရာတော်ဦးတိဿက မနက်ပိုင်း ဆွမ်းဘုဉ်းပေးရမယ့်အချိန်ရောက်တော့ အိမ်ကိုကြွလာ၊ ခင်းထားတဲ့နေရာမှာ သိတင်းသုံး နေပါပြီ။

မပြုံးက ဆွမ်းကပ်ဖို့ စီမံတုန်း၊ ကိုလုံးက ဆရာတော်ဦးတိဿနဲ့ မလှမ်းမကမ်းမှာ စင်းတီတုံး ပေါ် အမဲသားတွေ စင်းခုတ်လို့နေပါတယ်။

အဲဒီအချိန်မှာ သာဝတ္ထိပြည့်ရှင် ပသေနဒီ ကောသလမင်းကြီးက ကိုလုံးတစ်ယောက်ပတ္တမြား သွေးတတ်တယ်၊ ထွင်းတတ် ဖောက်တတ်တဲ့အရာ မှာ ကျွမ်းကျင်တယ်ဆိုတာ သိထားတာဖြစ်လို့

http://www.dhammadownload.com



ပတ္တမြားတစ်လုံးကို ထွင်းဖို့၊ ဖောက်ဖို့၊ သွေးဖို့၊ မင်းချင်းယောကျ်ားတစ်ယောက်ကို လွှတ်လိုက်ပါတယ်။

"ဒီပတ္တမြားလုံးကို မောင်လုံးထံ ခပ်မြန်မြန် ပြေးပြီး သွားပေးစမ်း၊ ဟောဒီလို ဟောဒီလို သွေးပါလို့ ပြောနော်၊ ဟောဒီနေရာက ဒီလို ဒီလို ဖောက်ပါလို့လဲပြော၊ ဘယ်နှစ်ရက်အတွင်း ပြီးအောင်လုပ်ပါလို့လဲ ပြောချေ"

"မှန်ပါ ဘုရင်မင်းတရားကြီး အမိန့်တော် အတိုင်းပါ"

မင်းချင်းယောကျ်ားက ပတ္တမြားလုံးယူ၊ ကိုလုံး မပြုံးတို့အိမ် ခပ်သုတ်သုတ်ပြေးတော့တာပဲ၊ ရောက်ပြီ၊ ကိုလုံးတစ်ယောက် အလုပ်တွေရှုပ်လို့၊ အမဲသားတွေ စင်းခုတ်နေတယ်။

မင်းချင်းယောကျ်ားက လက်ထဲမှာပါလာ တဲ့ ပတ္တမြားကို ကိုလုံးရဲ့လက်ထဲ အပ်တယ်။

"ဒီမှာကိုလုံးခင်ဗျား၊ ဘုရင်မင်းတရားကြီး က အမိန့်တော်ရှိလိုက်ပါတယ်၊ ဟောဒီပတ္တမြားလုံး ကို ဟောဒီလို ဟောဒီလို သွေးပါတဲ့၊ ဒီနေရာက

http://www.dhammadownload.com



ဟောဒီလို ဟောဒီလို ဖောက်ပါတဲ့၊ ဘယ်နှစ်ရက်အတွင်း ပြီးအောင်လဲ လုပ်ပါတဲ့ခင်ဗျာ" ဆိုပြီး ပြောတော့ ကိုလုံးကလဲ အမဲသားစင်းနေတုန်းဆိုတော့၊ လက်ဆေးဖို့သတိမရဘူး၊ သွေးစွန်းတဲ့လက်နဲ့ ပတ္တမြားလုံးကို လှမ်းယူထားလိုက်တယ်။

မင်းချင်းယောကျ်ားကလဲ နန်းတော်ကို ပြန်သွားပြီ၊ ကိုလုံးလက်ထဲမှာ ပတ္တမြားရောက်နေပြီ။

ပတ္တမြားဆိုတာ လောကရဲ့ရတနာလို့ ပြောကြတယ်၊ သို့သော် ကိုလုံးအတွက်တော့ ရတနာဖြစ်ချင်မှ ဖြစ်လိမ့်မယ်၊ သွေးစွန်းတဲ့လက်နဲ့ ပတ္တမြားကိုင်ကတည်းက ရတနာဖြစ်လိမ့်မယ်နဲ့ တူတယ်။

* * *

http://www.dhammadownload.com

# အသိကိုထိန်းတာသတိ

* **သတိမပါ၊ သိစရာ၊ ရှိတာမပြည့်ဝ**
**သတိတွဲကာ၊ အသိပါ၊ ရှိတာအပြည့်ရ၊**

အသိတရားကို ထိန်းထားတာက သတိဗျ၊ သတိလွတ်သွားရင် အသိပြတ်သွားတယ်၊ အသိဟာ မှောင်သွားတယ်။

ကိုလုံးကို ကြည့်စမ်းပါဦး၊ ဘွေးစွန်းတဲ့လက်နဲ့ ပတ္တမြားလုံးကို ယူထားလိုက်တယ်၊ ပြီးတော့မှ ကြုတ်ကလေး၊ အုပ်ကလေးတစ်ခုပေါ် တင်ထားလိုက်တယ်။

ပြီးတော့မှ လက်ဆေးဖို့ ရေရှိတဲ့နေရာကို ထ,သွားတယ်၊ ဟောဒီနေရာမှာ သတိလွတ်သွားတယ်ဗျ။

http://www.dhammadownload.com



ဆေးရမှာက လက်တင်ဆေးရမှာ မဟုတ်ဘဲ ပတ္တမြားလုံးမှာ သွေးစွန်းနေပါပြီကော၊ ပတ္တမြားလုံးပါ ဆေးရမှာကို သတိလွတ်သွားတယ်။

အဲဒီအချိန်မှာ သူတို့အိမ်မှာ မွေးထားတဲ့ ကြိုးကြာငှက်ကလဲ ကြာလှပြီတဲ့ဗျာ၊ ရင်းနှီးယဉ်ပါးပြီး (သားရင်းလို)နေတာ။ ကိုလုံး အမဲသားစင်းတဲ့နားမှာ ကြိုးကြာငှက်က ရောက်နေတယ်။

ကြွက်ကလေးပေါ်တင်ထားတဲ့ (သွေးစွန်းနေတဲ့) ပတ္တမြားလုံးကလဲ သွေးတွေ ပေကျံနေတော့ ပတ္တမြားလို့မထင်ရ၊ အသားတုံးလို့ ထင်ရ။

အသားတုံးလို့ထင်တော့ ကြိုးကြာငှက်က သွေးနံ့နဲ့ အသားတုံးမှတ်ပြီး ပတ္တမြားလုံးကို ကပြာကရာ ကောက်မျိုချလိုက်ပါရော၊ ဆရာတော် ဦးတိဿ မြင်လိုက်တယ်ဗျ၊ မြင်ပေမယ့် ရဟန္တာများ ကိုယ်သာ အသေခံမှာ၊ ပြောမှာမဟုတ်ဘူး။

* * *

http://www.dhammadownload.com

# ရတာနာ

လက်ဆေးပြီးလို့ ကိုလုံးက ပတ္တမြားလုံးရှိတဲ့ နေရာ ပြန်လာခဲ့ပြီ၊ သို့သော်-ပတ္တမြားလုံး မရှိ တော့ဘူး၊ ပတ္တမြားရတာနာကြောင့် ကိုလုံးတို့ မိသားစု ရတာနာ ဖြစ်ကုန်တော့မယ်။

ပတ္တမြားဝင်မလာရင် ရှင်းနေသား၊ ပတ္တမြား ဝင်လာတာ သူတို့ အနှောင့်အယှက် အန္တရာယ်ဖြစ် ဖို့နဲ့ တူတယ်၊ ရတနာဖြစ်ဖို့တော့ ဟုတ်ပုံမပေါ်ဘူး၊ (ရတာနာ)တွေ ဖြစ်ကုန်တော့မယ်။

ပတ္တမြားလုံးလာကြည့်တော့ မတွေ့ဘူး။ သူ့ဇနီး လှမ်းမေးရတယ်။

"ဟဲ့- မပြုံး၊ ဒီကပတ္တမြား မင်းယူသလား"

http://www.dhammadownload.com



"ဟာ-ကိုလုံးကလဲ ဘယ်လိုလုပ် ကျွန်မ ယူရမှာလဲ၊ ပတ္တမြားလုံးရှိမှန်း ဘယ်လိုလုပ်သိမှာ လဲ"

အဲဒါနဲ့ တစ်အိမ်လုံး ဟိုလူမေး၊ ဒီလူမေး၊ ဘယ်သူမှမယူ၊ ပတ္တမြားလုံး ဘယ်နားကိုရောက် တယ်ဆိုတာ ဆရာတော်ဦးတိဿပဲ သိတယ်၊ သို့သော် ပြောမှာမဟုတ်ဘူး။

သူပြောလိုက်ရင် ကြိုးကြာငှက်ကို ဟိုက သတ်မှာလေ၊ ရဟန္တာများဟာ ကိုယ်သာ အသေ ခံမယ်၊ ကိုယ့်ကြောင့် သူများသေအောင် ဘယ် တော့မှမလုပ်ဘူး။

ကိုလုံးရဲ့ခေါင်းတွေ ထူပူလာပြီဗျ၊ အသိ လွတ်သွားတော့ ဉာဏ်တွေလဲ မှောင်သွား၊ ဉာဏ် တွေမှောင်သွားတော့ အသိစိတ်တွေက ပူလေ၊ ထူလေ၊ ထူလေ ပူလေ၊ ပူလေ ထူလေ။

စဉ်းစားဉာဏ်တွေ၊ အသိတွေ၊ ဘာမှမရှိ တော့ဘူး၊ လမ်းပျောက်ကုန်ပြီ၊ အဲဒါနဲ့ မပြုံး အနားကပ်ပြီးတော့ ပြောတယ်။

http://www.dhammadownload.com



"ငါထင်တယ်ကွာ၊ ဆရာတော်ဦးတိဿ ယူတယ်လို့ ထင်တယ်"

"ကိုလုံးကလဲ မပြောကောင်း ပြောကောင်း၊ ဆရာတော်ဦးတိဿက ဒီပစ္စည်းမျိုးယူပါ့မလား၊ ဒီအိမ်မှာ ဆွမ်းဘုဉ်းပေးနေတာ(၁၂)နှစ်တောင် ရှိပါပြီကော၊ ဘယ်တုန်းကများ အပြစ်အနာအဆာ တွေ့ဖူးလဲ၊ မပြောကောင်းတာ ကိုလုံးရယ်၊ မပြောပါနဲ့"

"ဘုန်းကြီးလဲ မယုံရဘူးကွ၊ စိတ်ချရတာ မဟုတ်ဘူး၊ ငါ့အထင်တော့ ဒီနားမှာ ဒီဘုန်းကြီး ပဲရှိတာ၊ သူယူလိမ့်မယ်လို့ငါ့စိတ်ထဲက ထင်တယ်"

"မပြောကောင်းတာကိုလုံးရယ်၊ ဆရာတော် က ဘာဖြစ်လို့ယူမလဲ၊ ကိုလုံး အထားမှားတာ များလား"

"မမှားဘူး၊ ငါ ဒီနားမှာထားတာ"

အဲဒါနဲ့ စိတ်တွေမှာ သတိတွေ၊ ပညာတွေ ကင်းပျောက်လာတော့ မှောင်ပြီး ပူလောင်လာ တယ်၊ မပြိုး တားဆီးတာလဲမရ၊ မမေးဖို့ ပြောလဲမရ"

http://www.dhammadownload.com



"မမေးလို့မဖြစ်ဘူး၊ ငါ့ပတ္တမြားဆိုရင် ကိစ္စမရှိဘူး၊ ဒီပတ္တမြားက ရှင်ဘုရင်ပစ္စည်း၊ ပတ္တမြားပျောက်ရင် ငါ အသတ်ခံရမှာ"

အဲဒါနဲ့ သွားမေးတယ်။

"အရှင်ဘုရား ဒီနားက ပတ္တမြား အရှင်ဘုရား ယူသလားဘုရား"

* * *

http://www.dhammadownload.com

# တရားရတနာရှိတယ်

"မောင်လုံး ဘုန်းကြီးက ပတ္တမြား ဘာလုပ်မှာတုန်း၊ မယူပါဘူး"

"ယူရင်ပေးပါ၊ ရှင်ဘုရင်ပစ္စည်း၊ တပည့်တော်ပစ္စည်း မဟုတ်ဘူးဘုရား"

"မောင်လုံး၊ ငါမယူပါဘူး၊ ပတ္တမြားကို ဘုန်းကြီးက ဘာလုပ်ရမှာတုန်း၊ ဘုန်းကြီးမှာ သီလ၊ သမာဓိ၊ ဝိပဿနာ၊ ပညာ၊ တရားရတနာတွေ အကုန်ရှိတယ်၊ အပြင်ဘက်က လောကရတနာနဲ့ ဘုန်းကြီးက အလှမဆင်ပါဘူး၊ ဘုန်းကြီးမှာ အဖျွတ္တရတနာအင်အားတွေ အကုန်ရှိတယ်၊ ပတ္တမြားဟာ ဘုန်းကြီးအတွက် ဘာမှ အသုံးမကျလို့ မယူပါဘူး"

http://www.dhammadownload.com



"မဟုတ်ဘူးနော်၊ ဒီနားမှာ ကိုယ်တော်ပဲ ရှိတာနော်"

(အရှင်ဘုရားက ကိုယ်တော်ဖြစ်သွားပြီ)

"ဘယ်သူမှ ဒီနားမရှိဘူး၊ ကိုယ်တော်ယူတာပဲ ဖြစ်မယ်၊ ပေးပါ"

ဆိုပြီး ပေးပါလို့ တပေးပေးလုပ်နေတော့–

"ရှိရင်ပေးမှာပေါ့၊ ယူရင်ပေးမှာပေါ့၊ ငါ မယူပါဘူး"

လို့ ဘယ်လိုမှ ပြောမရ၊ သတိ, ပညာတွေ ကင်း ပျောက်နေပြီ၊ ကိုလုံးတစ်ယောက် သတိလွတ်နေပြီ၊ စောစောက သဒ္ဓါတရားကောင်းလိုက်တာ၊ သတိပညာကောင်းလိုက်တာ၊ အတက်လမ်းကို လိုက်တော့မယ် အားခဲနေတဲ့ ကိုလုံးတစ်ယောက် အဆင်းသွားဖို့ ခြေလှမ်းနေပြီ၊ စိတ်တွေပူထူနေပြီ။

"ကိုယ်တော် ပေးမှာလား၊ မပေးဘူးလား၊ တစ်ခွန်းထဲပြော"

"ငါမှမယူဘဲ"

"အို––သိရမှာပေါ့"

http://www.dhammadownload.com



အဲသလိုဆိုပြီး ကပြာကရာ ကျွဲတွေ နွား တွေချည်တဲ့ ကြိုးကြီးသွားယူ၊ ကျွဲတွေနွားတွေ ရိုက်တဲ့ တုတ်ကြီးသွားယူ၊ (စိတ်တွေနှော်၊ အရမ်းကြောက်ဖို့ကောင်းတယ်)

(သဒ္ဓါတွေ၊ ပညာတွေ၊ သတိတွေ လွှတ် သွားပြန်တော့ ပုထုဇဉ်စိတ်များ သိပ်ပြီးတော့ ကြောက်ဖို့ကောင်းတယ်)

ကြိုးကြီးယူလာခဲ့၊ ဆရာတော် ဦးတိဿကို ချည်တုတ်ပြီဗျ၊ တိုင်မှာချည်ပြီး ကျွဲနွားရိုက်တဲ့ တုတ်ကြီးနဲ့ရိုက်ပြီ။

ခေါင်း၊ နားရွက်၊ ပါးစပ်၊ မျက်နှာ၊ ကိုယ် ခန္ဓာအနှံ့အပြား ရိုက်ပေမယ့် ဟိုက ရဟန္တာ ဆိုတော့ အော်လဲမအော်ပါဘူး၊ ကိုယ့်ဝေဒနာ ကိုယ်ရှုမှတ်ပြီးတော့ နေတာပါပဲ။

ရဟန္တာများဟာ ခန္ဓာနှိပ်စက်တာ မခံဘူး၊ ခန္ဓာကို အသုံးချတဲ့အပိုင်းပဲ လုပ်တယ်။

ရိုက်လိုက်တာ နားထဲ၊ နှာခေါင်းထဲ၊ ပါးစပ် ထဲက သွေးတွေထွက်၊ ခေါင်းကလဲ ပေါက်ကွဲပြီး သွေးတွေကျ၊ မျက်လုံးတွေ၊ သွားတွေလဲ ကြည့် မကောင်း ရှုမကောင်း။

http://www.dhammadownload.com



မပြုံးက အတန်တန်ငိုပြီး တောင်းပန်တယ်၊ မရ၊ ဒါနဲ့ ရိုက်ဖန်များတော့ မူးပြီး ခေါင်းငိုက်စိုက် ကျသွားတယ်၊ သွေးတွေကကျတော့ ကြိုးကြာက တိရစ္ဆာန်ဆိုတော့ တိရစ္ဆာန်လောက်ပဲ သိတာပေါ့။

သွေးတွေကို လာသောက်တယ်၊ ဆရာတော် ဦးတိဿကို စိတ်ဆိုးနေတဲ့ ကိုလုံးက 'နင်က ဘာလုပ်တာလဲဟဲ့' ဆိုပြီး ကြိုးကြာကို စိတ်ဆိုး၊ တအားဆောင့်ကန် ရိုက်ချသတ်လိုက်တာ ကြိုးကြာ သေပါရောဗျ။

* * *

http://www.dhammadownload.com

# သံသရာဝဋ်ဆင်းရဲရဲ့အပြစ်

ကြိုးကြာသေသွားတော့ ခေါင်းငိုက်စိုက်မှုးနေတဲ့ ဆရာတော်ဦးတိဿက

"မောင်လုံး ကြိုးလေး နည်းနည်းလျှော့စမ်းကွယ်၊ ကြိုးကြာသေပြီလား၊ မသေသေးဘူးလား၊ ကြည့်လိုက်စမ်းပါကွယ်"

"သေပြီကိုယ်တော်၊ ကိုယ်တော့ကိုလဲ သေအောင် အသေသတ်နေတာ မဟုတ်လား"

"ဟုတ်ပါဘူးကွယ်၊ မင်းအခု ဒေါင်းတောက်အောင်ရှာနေတဲ့ ပတ္တမြားလုံးက ဟောဒီ ကြိုးကြာငှက် မျိုချသွားပြီ၊ သူ့ဗိုက်ထဲရောက်နေတယ်၊ မယုံရင် ခွဲကြည့်၊ မသေသေးရင် ငါမပြောပါဘူး၊ သေပြီဆိုရင်တော့ ငါပြောတယ်"

http://www.dhammadownload.com



ကိုလုံးက သေသွားတဲ့ ကြိုးကြာငှက်ကို ခွဲကြည့်လိုက်တော့ တွေ့ပြီဗျ ပတ္တမြားလုံး၊ အို- ဘာပြောကောင်းမလဲ၊ ခြေမကိုင်မိ လက်မကိုင်မိ အငိုငို အယိုယိုနဲ့။

"ဆရာတော်ဘုရား၊ တပည့်တော်မှားပါပြီ၊ သည်းခံခွင့်လွှတ်တော်မူပါ၊ ဘုရားတပည့်တော် အမိုက်ကောင်ကြီး မှားပါပြီ"
ဆိုပြီးတော့ တောင်းပန်ငိုယိုနဲ့ ဆရာတော် ဦးတိဿက

"မောင်လုံး ငါသည်းခံပါတယ်၊ ခွင့်လွှတ်ပါတယ်၊ ဒီကိစ္စမှာ ငါ့အပြစ်လဲမဟုတ်ဘူး၊ မင်းအပြစ်လဲမဟုတ်ဘူး၊ တကယ်တော့ သံသရာဝဋ်ဆင်းရဲရဲ့ အပြစ်ကြီးပါ"

(ပညာရှိများ ပြောတတ်တယ်ဗျ)

"ဆရာတော်ဘုရား ခွင့်လွှတ်တယ်ဆိုရင် ခါတိုင်းလိုပဲ ဘုရားတပည့်တော်တို့အိမ်ကို ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရား"

"မောင်လုံး ငါအခု အိမ်ထဲ ဆွမ်းခံကြွလို့ ဒီကိစ္စတွေ ပေါ်လာတာမဟုတ်လား၊ ဒီနေ့ကစပြီး အိမ်ထဲမဝင်တော့ပါဘူး၊ အိမ်အပြင်ကသာ ဆွမ်း

http://www.dhammadownload.com



ရပ်တော့မယ်၊ ဆွမ်းခံကြွတော့မယ်၊ အိမ်ထဲ ဘယ်တော့မှမဝင်ပါဘူး"

ပြောသာပြောရ ဒီဒဏ်ရာနဲ့ပဲ ပရိနိဗ္ဗာန် စံတော်မူရတယ်ဗျ။

ကိုလုံးတစ်ယောက် ပြောတုန်းက အတက်လမ်းလိုက်မယ်တဲ့၊ အခုတော့ မထိန်းနိုင်၊ မသိမ်းနိုင် စိတ်တွေ ကယောင်ချောက်ခြားတွေဖြစ်လို့ အလွဲတွေ အမှားတွေလုပ်မိတော့ သူ့ခမြာ ကွယ်လွန်တဲ့အခါ ငရဲကို ရောက်သွားရှာတယ်ဗျ။

(အပေါ်ကို မတက်တော့ဘူး၊ အောက်ဆင်းသွားတယ်)

ကြိုးကြာငှက်ကတော့ ရိုက်သတ်ခံရတာတောင်မှ စိတ်မဆိုးရှာဘဲ ချစ်ခင်တဲ့စိတ်နဲ့ သေသွားတာဖြစ်သောကြောင့် မပြုံးရဲ့ဝမ်းထဲမှာ လူကလေးဖြစ်သတဲ့။

(သူကတော့ တက်သွားတယ်ဗျ)

မပြုံးတစ်ယောက်ကတော့ဖြင့် ဘယ်သူတွေဘယ်လိုသွားကြပေမယ့် သတိ,ပညာ ကြီးစွာထားပြီး အတက်လမ်းကိုလိုက်တော့မယ်လို့ ကြိုးစား

http://www.dhammadownload.com



အားထုတ်သွားတဲ့အတွက် စုတေပြတ်ကြွေကွယ် လွန်သွားတော့ နတ်ပြည်ကို ရောက်တယ်တဲ့။

ဒါကြောင့် ဆရာတော်ဦးတိဿ ပရိနိဗ္ဗာန်စံသွားပြီ၊ သံသရာလမ်းဆုံးသွားပြီ၊ အပေါ်ကိုတက်မယ့် ကိုလုံးတစ်ယောက် လမ်းမှားပြီး ငရဲကိုရောက်နေရှာပြီ၊ အောက်တန်းရောက်တဲ့ တိရစ္ဆာန်လေးက လူဖြစ်တယ်၊ သဒ္ဒါတရားကောင်းတဲ့ မပြုံးက နတ်ပြည်ကို တက်သွားတယ်။ (တစ်လမ်းစီပေါ့)

သည်လို သူများအကြောင်းပြောတာ၊ ကိုယ့်အတွက် လမ်းညွှန်သင်ခန်းစာ၊ တရားခံ ဘယ်သူလဲလို့ ကိုယ့်ဟာကိုယ်ရှာကြည့်၊ ပေါ်လာလိမ့်မယ်။ အကုန်လုံး သနားစရာချည်း။

အဲသလို မိမိတို့သာသနာနဲ့ တွေ့ကြုံခိုက်မှာ လမ်းကြောင်းလေးတွေ့တုန်းမှာ ကြိုးစားကြရမယ်။ အတက်လမ်းက ပြတ်ပြတ်သားသား သွားကြရမယ်ပေါ့။

ဒါကြောင့် ကတပုညတ်-ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏အဖြစ်ကို၊ ကတပုညတ်-အဆင်းအတက်လမ်းနှစ်ဖက်ကြောင့် မြင့်တက်ထူး

http://www.dhammadownload.com



ဆန်း၊ ကောင်းမှုစွမ်းကို၊ ပဏ္ဍိတာ–ဘုရား အစရှိသော ပညာရှိသူတော်ကောင်းတို့သည်၊ ပသံသန္တိ–ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

ဤသို့ အဆင်းအတက်လမ်းနှစ်ဖက်တရားနာကြားကြရတဲ့ ဓမ္မသဝနာမင်္ဂလာနဲ့ ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့် ဘေးရန်အပူခပ်သိမ်း လွတ်ငြိမ်းကြ၍ ကောင်းကျိုးချမ်းသာမင်္ဂလာများ ကြီးပွားတိုးတက် ပြည့်စုံကြပြီးလျှင်သူတော်ကောင်းတရား တိုးပွားအောင် ကြိုးစားနိုင်လွယ်ကြပြီး ဘေးရန်ခပ်သိမ်း လွတ်ငြိမ်းရာအသခ်တဓာတ်၊ နိဗ္ဗာန်ရွှေပြည်မြတ်ကို လွယ်ကူသောအကျင့်၊ လျှင်မြန်သော အသိဉာဏ်ဖြင့်အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ်၊ ရလွယ်နိုင်ကြပါစေကုန်သတည်း။

* * *

F 6 A

http://www.dhammadownload.com

# ကိုယ့်ကိုကိုယ်နိုင်စွမ်းအားပိုင်
## (သို့မဟုတ်)
## ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ

**တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက**
**အဂ္ဂမဟာပဏ္ဍိတ(ယော)ဆရာတော်**

*[ သာသနာတော်သက္ကရာဇ် ၂၅၄၂ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့၊ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ(၉)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့၊ ကျက်သရေဆောင် ဆူးလေစေတီတော်ရင်ပြင်၊ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်၌ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းတရားပွဲ၏ ဖွင့်ပွဲမင်္ဂလာအဖြစ်၊ ဓမ္မဒါန၊ ဓမ္မလက်ဆောင်အဖြစ်ဖြင့် ဟောကြားအပ်သော တရားတော်ဖြစ်သည် ]*

F 6B

http://www.dhammadownload.com

# ဘောလုံးပွဲစကြရအောင်

ကိုယ့်ကိုယ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ စွမ်းအားပိုင်ကြတယ်၊ ကိုယ့်ဟာကိုယ် အရှုံးပေးရတဲ့ပုဂ္ဂိုလ်တွေ စွမ်းအားနစ်နာဆုံးရှုံး လစ်ဟင်းကြပါတယ်၊ ဒါကြောင့် ကိုယ့်ကိုကိုယ်နိုင် စွမ်းအားပိုင်တရား၊ နောက်တစ်မျိုး နာမည်ပေးလိုက်တော့ ခန္ဓာကိုယ်ထဲ ဘောလုံးပွဲတရားပေါ့။

ခန္ဓာကိုယ်ထဲမှာ ဘောလုံးပွဲကစားကြတယ်၊ ကာလကလဲ ကမ္ဘာ့ဘောလုံးပွဲဆိုပြီး တစ်ကမ္ဘာလုံးက အာရုံစိုက်လို့၊ တချို့များ အိပ်ရေးတောင် အပျက်ခံပြီး ဘောပွဲကြည့်နေကြ။

http://www.dhammadownload.com



သူများဘောပွဲတွေ စိတ်ဝင်စားမယ့်အစား ကိုယ့်ဘောပွဲကိုယ် စိတ်ဝင်စားတာဟာ အကောင်းဆုံးပေါ့၊ သူများဘောလုံးနိုင်လို့လဲ ကိုယ့်မှာဘာမှမရ၊ သူများ ဘောပွဲရှုံးလို့လဲ ကိုယ့်မှာဘာမှ မနစ်နာ မဆုံးရှုံးပါဘူး။

ကိုယ့်ဘောလုံးပွဲကိုယ်မနိုင်တော့ နစ်နာမှာပဲ၊ ကိုယ့်ဘောပွဲအရှုံးပေးရင် ဆုံးရှုံးကြမှာပဲ၊ ဒါကြောင့် ကျောင်းကဦးဇင်းတွေ၊ ကိုရင်တွေကို ပြောရတယ်။

"ဘောလုံးပွဲဆိုတာ မင်းတို့နဲ့ ဘာမှမဆိုင်ပါဘူး၊ သူများဘောလုံးပွဲကြည့်လို့ သူတို့နိုင်လဲ ကိုရင်တို့ ဦးဇင်းတို့မှာ ဘာမှမရပါဘူး၊ ဟောဟိုဘက်က ရှုံးလို့လဲ ကိုရင်တို့ ဦးဇင်းတို့မှာ ဘာမှ မနစ်နာပါဘူး၊ ကိုယ့်ဘောလုံးပွဲ ကိုယ်နိုင်အောင် ကန်ဖို့က အရေးကြီးပါတယ်"

အဲသလို သူတို့ကို နေ့တိုင်းပြောပြီးတော့ နေ့စဉ် နေ့စဉ် မနက် ဘုရားဝတ်တက်ပြီး ၁–ကြိမ်၊ ည ဘုရားဝတ်တက်ပြီး ၁–ကြိမ် တရားစကားလေး အနည်းငယ်ပြောပြောပြီးတော့ တရားထိုင်ခိုင်းရတယ်။

http://www.dhammadownload.com



တရားထိုင်ခိုင်းတဲ့အခါ တရားထိုင်ကြပါလို့ မပြောဘူး၊ ကဲ– ကိုရင်တို့ ဦးဇင်းတို့ ဘောလုံးပွဲစကြရအောင်၊ အဲသလိုပြောရတယ်၊ ဒီလိုပြောတာနဲ့ သူတို့ သိသွားတယ်၊ ဒို့ကို တရားထိုင်ခိုင်းတာလို့၊ တင်ပလ္လင်ချိတ်ထိုင်၊ တရားမှတ်ကြ။

"အရေးကြီးတာက ကိုယ့်ဘောလုံးပွဲ ကိုယ်နိုင်ဖို့ အရေးကြီးတယ်နော်၊ ခန္ဓာကိုယ်မှာ အဖြူအသင်း၊ အမည်းအသင်း (၂)သင်းဟာ စိတ်ဘောလုံးကိုလုပြီးတော့ ကန်နေကြတယ်နော်၊ ကိုယ့်ဘက်က မရှုံးစေနဲ့၊ အမည်းအသင်းကြီး အနိုင်မပေးနဲ့၊ ကိုယ်က 'ဂိုး'မရှုံးစေနဲ့၊ ကြိုးစားပြီးတော့ ကိုယ့်ဘက်က အနိုင်ယူပါ"

ဘေးမှာ ဒိုင်လူကြီးကလဲ ဘယ်သူမှမရှိတော့ ကိုယ်တိုင် ဒိုင်လူကြီးလုပ်ပြီး နောက်က သတိပေးနေရတာပေါ့၊ ဒါကြောင့်မို့ တရားအလုပ်လုပ်တယ်ဆိုတာက အရပ်စကားနဲ့ပြောလိုက်တော့ ခန္ဓာကိုယ်ထဲ ဘောလုံးပွဲကန်ကြတာပါပဲ။

* * *

http://www.dhammadownload.com

# (၁)ဂိုးနိုင်ပြီးပြီ

ဒါကြောင့် ဆူးလေ အဘိဓမ္မာပြန့်ပွားရေး အသင်းတိုက်ကြီးကို ယခုရောက်ရှိလာကြတဲ့ ပရိသတ်အပေါင်း သူတော်ကောင်းတွေဟာ ကိုယ့်စိတ်ကိုယ်နိုင်လို့ ဒီကိုရောက်လာပြီဆိုကတည်းက (၁)ဂိုးတော့ နိုင်ပြီးပြီ။

ဘုရားဟောတဲ့ ဒေသနာစကားလေးတစ်ခွန်းက

အတ္တာဟဝေဇိတံသေယျော

ဟဝေ–စင်စစ်အမှန်ကေန်အားဖြင့်၊ အတ္တာ–ကိုယ်ပိုင်တရားစွမ်းအားရလို မိမိကိုယ်ကို ဇိတံ ဇိတော–ကောင်းစွာမချွတ်၊ အောင်မြင်အပ်သည်

http://www.dhammadownload.com



ရှိသော်၊ သေယျော–မဂ်ပေါက်ဖိုလ်ပေါက် နိဗ္ဗာန် ရောက်အောင် စွမ်းအားဆောင်ကာ ကောင်းစွာ မချွတ် လွန်မြင့်မြတ်သည်၊ ဟောတိ–ကိုယ့်ကို ကိုယ်နိုင် စွမ်းအားပိုင်၍ ကြံ့ခိုင်မသွေ ဖြစ်ရပါပေ သတည်း။

လောကမှာ အနိုင်ယူရတဲ့ အောင်ပွဲမှန်သမျှ တို့တွင် ကိုယ့်ဟာကိုယ် အနိုင်ယူရတဲ့ အောင်ပွဲသာ အမြင့်မြတ်ဆုံး၊ သူများကို အနိုင်ရလို့ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ဖို့ မလွယ်ပါဘူး၊ သုဂတိဘဝရောက် ဖို့လဲ မသေချာပါဘူး၊ အပါယ်ကလွတ်ဖို့လဲ မသေချာပါဘူး၊ အပူငြိမ်းဖို့လဲ မလွယ်ပါဘူး။

ကိုယ့်ဟာကိုယ် အနိုင်ယူနိုင်မှ အပူငြိမ်းကြ မယ်၊ ဒုက္ခလွတ်ကြမယ်၊ အပါယ်ကလွတ်ကြမယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရောက်ကြမယ်။

* * *

http://www.dhammadownload.com

## အောင်ပွဲနှင့်ရှုံးပွဲ

ဒါကြောင့် လောကအနိုင်ယူရတဲ့ အောင်ပွဲမှန်သမျှတို့တွင် ကိုယ့်ဟာကိုယ် အနိုင်ယူရတဲ့ အောင်ပွဲသာ အမြင့်မြတ်ဆုံးပါ၊ အပြန်အားဖြင့် လောကရှုံးပွဲဟူသမျှတို့တွင် ကိုယ့်ဟာကိုယ် အရှုံးပေးရတဲ့ပွဲသာ အောက်တန်းအကျဆုံး၊ အနစ်နာဆုံး၊ အညံ့ဆုံးပါ။

သူများကို အရှုံးပေးရလို့ အပါယ်မရောက်ပါဘူး၊ ကိုယ့်ဟာကိုယ် အရှုံးပေးရလို့ အပါယ်ရောက်ကြတာတွေ၊ ပူလောင်ကြတာတွေ၊ ဆင်းရဲကြရတာတွေ၊ ဒုက္ခတွေ့ကြရတာတွေ . . .

http://www.dhammadownload.com



လောကရဲ့ ရှုံးပွဲမှန်သမျှတို့တွင် ကိုယ့်ဟာကိုယ် အရှုံးပေးရတဲ့ ရှုံးပွဲသာ အယုတ်ညံ့ဆုံး၊ အောက်တန်းအကျဆုံးပါ။

ဒီလိုဆို ပရိသတ်အပေါင်း သူတော်ကောင်းတွေ ကိုယ့်ဟာကိုယ် အနိုင်ယူနိုင်ကြလို့ ဥပုသ်စောင့်နိုင်ကြတယ်၊ တရားနာနိုင်ကြတယ်၊ တရားအလုပ် လုပ်နိုင်ကြတယ်၊ ကောင်းမှုတရား အားထုတ်နိုင်ကြတယ်၊ ကိုယ့်ဟာကိုယ်နိုင်တော့ စွမ်းအားတွေပိုင်တာပေါ့။

* * *

http://www.dhammadownload.com

# ခန္ဓာကိုယ်ထဲဘောလုံးပွဲ

* **ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊
ဆင်နွှဲတတ်ပါစေ၊**

မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးကို ဘောလုံးကွင်းကြီးလို့ ဉာဏ်နဲ့ဖန်တီးကြည့်ပါ၊ မိမိတို့ရဲ့စိတ်ကို ဘောလုံးလို့ ဉာဏ်နဲ့ဖန်တီးကြည့်ပါ၊ အသင်း(၂)သင်းက အဖြူအသင်းက တစ်ဖက်၊ အမည်းအသင်းက တစ်ဖက်၊ အသင်း(၂)သင်းရှိပါတယ်။

သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာအားငါးဖြာဆိုတဲ့ စိတ်ကို ဖြူစင်သန့်ရှင်းအောင်ဆောင်ရွက်ပေးနိုင်တဲ့ အဖြူအသင်းက တစ်ဖက်၊

လောဘ၊ ဒေါသ၊ မောဟ (ဒါမှမဟုတ်) ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာဆိုတဲ့ နီဝရဏတရား၊ စိတ်ကို မည်းညစ်

http://www.dhammadownload.com



ပူလောင် ရှုပ်ထွေးအောင် ပြုလုပ်နေတဲ့ အမည်း အသင်းကတစ်ဖက်။

အသင်း(၂)သင်းက ခန္ဓာဘောလုံးကွင်းမှာ စိတ်ဘောလုံးကိုလုပြီးတော့ သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင် ဘောလုံးလုနေကြပါတယ်။

လုနေတဲ့ အသင်း(၂)သင်းမှာ တကယ်အားကောင်းတာက အဖြူအသင်းက အားကောင်းတယ်၊ မကန်သေးခင် အားချင်းပြိုင်ကြည့်၊ ယှဉ်ကြည့်စမ်း။

အဖြူအသင်းက 'ဒေါင်'ကလဲကောင်း၊ အရပ်ကလဲကောင်း၊ အားကလဲကောင်း၊ အမည်းအသင်းထဲကြည့်လိုက်တော့ အဖြူအသင်းလောက် အားရစရာမရှိ၊ ပုတုတု၊ ပိန်သေးသေးတွေ၊ ယှဉ်ပြိုင်လိုက်ရင် အဖြူအသင်းက သေချာပေါက်နိုင်မှာပဲလို့ ခန့်မှန်းလို့ရလောက်အောင် အားကောင်းတာပဲ။

သူတို့ယှဉ်ပြိုင်တဲ့အခါ အားချင်းယှဉ်ရင် အဖြူအသင်းက သာတာမှန်သော်လဲ သာတယ်လို့ ပြောရတာက ပယ်သတ်တတ်သောတရား (ရေလိုပေါ့)

http://www.dhammadownload.com



အကုသိုလ်အမည်းအသင်းဆိုတာက အပယ်ခံတရား (မီးလိုပေါ့)၊ လောကမှာ ရေများ ရေနိုင်တယ်၊ မီးများ မီးနိုင်တယ်ဆိုတာမျိုးလိုပေါ့။

သဘာဝနိုင်ရမှာက 'ရေ'ပါ၊ သို့သော် မီးက များတော့ မီးနိုင်သွားတာပေါ့။

အဖြူအသင်းနဲ့ အမည်းအသင်းမှာလဲ သဘာဝအားဖြင့် အဖြူက နိုင်ကိုနိုင်ရမှာပါ၊ သို့သော်လဲ အမည်းက များသွားတော့ (အဖြူက မေ့လျော့ပေါ့ဆမှုများသွားတော့) အမည်းအသင်းက အနိုင်ရသွားတာ များတတ်ပါတယ်။

ခန္ဓာကိုယ်ဘောလုံးကွင်းမှာ ကိုယ်က အနိုင်ရအောင် ဘောလုံးကန်တတ်ပါစေ၊ သူများဘောလုံးပွဲတွေကို အအိပ်ပျက်၊ အစားပျက် အလုပ်အပျက်ခံပြီး ကြည့်နေမယ့်အစား၊ စိတ်ဝင်စားနေမယ့်အစား ကိုယ့်ခန္ဓာကိုယ်မှာ ကိုယ်က အနိုင်ကြိုးရမယ့် ဘောလုံးပွဲမှာ ကိုယ်က နိုင်အောင်ဆင်နွှဲတတ်ပါစေ။

* * *

http://www.dhammadownload.com

## စိတ်ဘောလုံး

* **စိတ်ဘောလုံးမှာ၊ ကန်စရာ၊**
**ပတ်ချာလှည့်၍နေ၊**
စိတ်ကဘောလုံး၊
အဖြူအသင်းကန်လိုက်ပြန်ပြီ၊
ဟိုဘက်လိမ့်သွားပြန်ပြီ၊
အမည်းအသင်းက ဆီးကန်ချလိုက်ပြန်ပြီ၊
ဒီဘက်လိမ့်လာပြန်ပြီ၊
ပတ်ချာကိုလှည့်လို့။

http://www.dhammadownload.com

# အဖြူအသင်း၊အမည်းအသင်း

*** အဖြူအသင်း၊ အမည်းအသင်း၊**
**(၂)သင်း ယှဉ်ပြိုင်နေ၊**

တကယ်တမ်း အားချင်းပြိုင်ရင်တော့ အဖြူအသင်းက အမြဲနိုင်စရာချည်း၊ အားသိပ်ကောင်းတယ်၊ ဟိုဘက် အမည်းအသင်းက အားရစရာမရှိတော့ သူက အမြဲရှုံးစရာချည်း။

ဒါပေမယ့် ဟိုဘက်ကလဲ အမှတ်တမဲ့တော့ အထင်မသေးနဲ့အုန်း။

*** အဖြူအသင်း၊ ယေ့ဆခြင်းကြောင့်၊ ညံ့ဖျင်းသွားကာ၊ အမည်းသာ၊ များစွာဝိုးသွင်းနေ၊**

အဖြူက အားကောင်းတယ်လို့သာပြောတာ သိပ်ပေါ့တာ၊ အသင်းခေါင်းဆောင် သတိ (ဂိုး

# ဂိုးဝင်သွားတယ်

အဖြူအသင်းကလဲ ဘယ်လျှော့လို့ရမလဲ။

"ဟေ့ အမည်းအသင်း၊ မင်းဟာ စွာကျယ် စွာကျယ် မလုပ်ပါနဲ့ကွ၊ မင်းက အစမထင် သံသရာကတည်းက ခန္ဓာဘောလုံးကွင်းမှာ ထုံနေအောင် လေ့ကျင့်ခဲ့တာတော့ မှန်ပါတယ်၊ ဒါပေမယ့် မင်းမှာ လမ်းကြောင်းမရှိဘူး၊ ဦးတည်ချက်မရှိဘူး၊ အစီအစဉ်မရှိဘူး၊ စိတ်ဘောလုံးကို မင်းထင်ရာ လျှောက်ကန်နေတာ၊ ဒို့ဘက်က မေ့လျော့ပေါ့ဆနေလို့သာ မင်းဘက်က ဂိုးသွင်းတာ၊ မင်းအစီအစဉ်ကျလို့ ဂိုးသွင်းနိုင်တာ မဟုတ်ဘူး" ဆိုပြီးတော့ သတိတရားခေါင်းဆောင်က–

http://www.dhammadownload.com



"ဟော့ သဒ္ဓါတရား လာကွာ၊ ဝီရိယ လုပ်စမ်း ပါကွာ၊ သမာဓိ မင်းဘယ့်နှယ်တုန်း၊ အပါးခိုလှချည်လား၊ ဟဲ့- ပညာ လုပ်စမ်းပါဦး၊ အလင်းရောင်ရှိသမျှ အကုန်ထွန်းစမ်းပါဦး"

တစ်ခါထဲ စုစည်းပြီးတော့ ကြိုးစားလိုက်တာ တစ်ချက်လောက်ပဲ ကန်လိုက်ရတယ်၊ ဟိုဘက်ကို ကိုးဝင်သွားတယ်။

ကိုးဝင်သွားတော့ ဒါနပုံစံနဲ့ ကိုးသွင်းနိုင်ကြတယ်။ သီလပုံစံနဲ့ ကိုးသွင်းနိုင်ကြတယ်၊ ဥပုသ်သီလပုံစံနဲ့ ကိုးသွင်းနိုင်ကြတယ်၊ သမာဓိပုံစံ၊ ဝိပဿနာပုံစံတွေနဲ့ ကိုးသွင်းနိုင်ကြတယ်။

* * *

http://www.dhammadownload.com

# သတိဂိုးသမား

အမည်းအသင်းကလဲ မလျော့ဘူး၊ သူပြန်ကန်တယ်၊ ပြန်ပြီးတော့ တုံ့ပြန်တယ်ဗျ၊ ပြန်ပြီးတော့ လိမ့်ကန်ပြီ၊ ဟောဒီက သတိဂိုးသမားလေ၊ ဘယ်ရမလဲဗျာ၊ (ဂိုးဖမ်းတာ)

"ဟာ– ဟိုမှာ စိတ်ကလေး၊ လောဘနဲ့လုံးထွေးလာပြီဟေ့၊ ရာဂကပ်ပါတဲ့ စိတ်ကလေးပါလား၊ ရှုမှတ်ပစ်လိုက်တယ်၊ ဝိပဿနာဖြစ်သွားရော၊ ဘယ်ရမလဲ ဂိုးဖမ်းက တယ်ပိုင်တာ"

"ဩော်– ဒေါသနဲ့ကန်လာတဲ့ ဟောဒီစိတ်ကလေး၊ ဒီက သတိဉာဏ်အကူအညီနဲ့ ဂိုးဖမ်းသမားသတိက ပညာအကူနဲ့ စိတ်ကလေးကိုစိုက်ပြီး ရှုမှတ်လိုက်တာ...ဘယ်...ဟိုက ဂိုးသွင်းလို့ရလိမ့်မတုန်း...။

http://www.dhammadownload.com



ဟောဒီစိတ်ကလေး၊ မောဟပါတယ်၊ သတိ ဉာဏ်နဲ့ ကြည့်လိုက်တော့ ဂိုးဖမ်းက တယ်ကျွမ်း ကျင်၊ ဒီကလဲ အကန်ကောင်းတယ်၊ ဟိုကလဲ ပြန်ကန်လိုက်တော့ ဒီက ဂိုးဖမ်းသမားသတိက သိပ်ကောင်းတော့ ဒီက အနိုင်ချည်းပဲ။

စွမ်းအားကောင်းတယ်၊ သာသနာ့မျက်လုံး ကလေးက သိပ်ကောင်းတော့ နှလုံးသွင်းတတ် တယ်။

အဆိုးတွေကို အကောင်းအဖြစ် ပြောင်း တတ်တယ်၊ သို့သော် အကောင်းကိုတော့ အဆိုး ဘက် အရောက်မခံဘူး။

* * *

http://www.dhammadownload.com

# တရားရတနာစိတ်ကြိုက်တူးလို့ရတယ်

* **အဖြူအသင်း၊ စိတ်အားတင်းသော်၊**
**အနိုင်ယေါ၊ ရွှင်ပျော်အားတက်ယေ။**

ဂိုးနိုင်တဲ့သူရဲ့ မျက်နှာလေးကြည့်စမ်း၊ ပြုံးပြုံး ပြုံးပြုံးနဲ့၊ ကမ္ဘာ့ဘောလုံးပွဲမှာ သူများကန်တာတွေကြည့်လို့ သူများနိုင်တုန်းတော့ တဟားဟားနဲ့ ဖြစ်ချင်ဖြစ်မှာပေါ့။

ကဲ...ပွဲပြီးသွားတော့ မင်းဘာရသလဲ၊ သူများက လာမေးတော့မှ ပြစရာမရှိ။

ဟော...ဒါနဂိုးနိုင်တဲ့လူတွေ၊ သီလဂိုးနိုင်တဲ့လူတွေ၊ ဥပုသ်သီလဂိုးနိုင်ကဲ့လူတွေ၊ သမထဂိုးနိုင်တဲ့လူတွေ၊ ဝိပဿနာဂိုးနိုင်တဲ့လူတွေ၊ ဟိုက

http://www.dhammadownload.com



ကန်လိုက်ပြန်တော့ ဒီက ပိုင်နိုင်အောင် သတိပဋ္ဌာန်ပုံစံလေးနဲ့ ဂိုးဖမ်းနိုင်တဲ့သူတွေ။

ပျော်လိုက်ကြတာ၊ ငါ့ထက်အရတော်တဲ့သူရှိသေးလို့လားဟဲ့၊ ဗုဒ္ဓမြတ်စွာ သာသနာတွင်းမှာ ရတနာကြော်ကြီးပေါ် လမ်းလျှောက်သွားနေရသလို ဘယ်နေရာတူးတူး တရားတွေချည်းပဲ။

ကမ္ဘာ့အလယ်မှာ ရတနာမြေလို့ တင်စားရတဲ့ မြန်မာ့မြေဟာ ဘယ်နေရာတူးတူး တရားရတနာ စိတ်ကြိုက်တူးလို့ရတယ်၊ ကိုယ်က စွမ်းအားယူတတ်ဖို့ပဲ အရေးကြီးတယ်။

* * *

http://www.dhammadownload.com

# နိဗ္ဗာန်ဒိုင်းဆု

* နိဗ္ဗာန်ဒိုင်းဆု၊ ရအောင်လု၊
ကောင်းမှုပိုင်ပါစေ။

ဉာဏ်ဦးဆောင်မှုပါတော့ နိရောသေစ္စာ ဆိုတဲ့ (နိဗ္ဗာန်ရောက်ကြောင်းတရား) သစ္စာလေးပါးတရား၊ ကိုယ်က နာကြားဖူး၊ လေ့လာဖူးတော့ သိတာပေါ့လေ၊ ဒုက္ခလွတ်တာ ဒီတစ်ခုထဲရှိတာ။

လောကမှာ ခန္ဓာနဲ့ ဆက်စပ်တဲ့ ချမ်းသာမှန်သမျှသည် ရစဉ်မှာ တပြုံးပြုံးနဲ့ လက်ခံနိုင်ကြသော်လဲပဲ နောက်က ဘောင်ခတ်မှုလေးပါတယ်၊ နခမ်းသပ်လေးပါတယ်၊ ကန့်သတ်မှုလေးတွေပါတယ်။

http://www.dhammadownload.com



ကန့်သတ်ချိန် စေ့ပြန်တော့ ငိုလိုက်ရတာ၊ လူးလွန့်ပြီး ပူလောင်လိုက်ရတာ၊ မျက်ရည်ပေါက်ပေါက် ကျလိုက်ရတာတွေ၊ အရှုံးတစ်ပိုင်းဖြစ်ကြရတာတွေ။

နိဗ္ဗာန်နိဂရောဓသေစ္စာမှာ ဒီလိုနောက်က ကန့်သတ်ချက်ကမပါ၊ လူးလွန့်ပြီးပူစရာ ဘာမှမရှိလို့ သိထားတော့ ဘယ်ကုသိုလ်လုပ်လုပ် နိဗ္ဗာန်ဦးတည်ချက်ပါတယ်။

အမည်းအသင်းလို ရည်ရွယ်ချက်ကင်းမဲ့စွာ၊ အစီအစဉ်ကင်းမဲ့စွာနဲ့ ပရမ်းပတာ ဘောလုံးကန်တာ မဟုတ်ဘူး။

- နိဗ္ဗာန်ရည်ရွယ်ချက်ပါတယ်၊
- လမ်းကြောင်းပါတယ်၊
- အစီအစဉ်ပါတယ်၊

ဒါကြောင့် ဘယ်ကုသိုလ်လုပ်လုပ် ကုသိုလ်တစ်ခုပြီးရင် ဒိုင်းဆုတစ်ခု ရသွားတယ်၊ ဘယ်သူ့ဆီမှ ပြန်အပ်စရာမလိုဘူး။

* * *

http://www.dhammadownload.com

## နိုင်အောင်ကန့်ပါ

- ကိုယ့်ကိုကိုယ်နိုင်၊ စွမ်းအားပိုင်၊
  ကြံ့ခိုင်အေးမြပေ။
- ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊
  ကိုယ်ပဲနိုင်ပါစေ။

နေ့တိုင်း မနက်အိပ်ရာထတာနဲ့ ဘောလုံးပွဲက စပြီဗျ၊ ညအိပ်ရာဝင်ပြီဆိုရင် ကိုယ်က ဘယ်နှစ်ဂိုးရှုံးသလဲ၊ ကိုယ်က ဘယ်နှစ်ဂိုးနိုင်သလဲ၊ တွက်ရမှာပေါ့၊ ဒါကြောင့် ကိုယ့်ဘောလုံးပွဲကို ကိုယ်နိုင်အောင်ကန်ပါ။

- ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊
  ဆင်နွှဲတတ်ပါစေ၊
- စိတ်ဘောလုံးမှာ၊ ကန်စရာ၊
  ပတ်ချာလှည့်၍နေ၊
- အဖြူအသင်း၊ အမည်းအသင်း၊
  နှစ်သင်းယှဉ်ပြိုင်နေ၊

http://www.dhammadownload.com



* အဖြူအသင်း၊ ပေါ့ဆခြင်းကြောင့်၊ ညှိုဖျင်းသွားကာ၊ အမည်းသာ၊ များစွာကိုးသွင်းနေ၊
* ဂိုးရှုံးပြန်က၊ အပူရ၊ ဒုက္ခပင်လယ်ဝေ၊
* အဖြူအသင်း၊ စိတ်အားတင်းသော်၊ အနိုင်ပေါ်၊ ရွှင်ပျော်အားတက်ပေ၊
* နိဗ္ဗာန်ဒိုင်းဆု၊ ရအောင်လု၊ ကောင်းမှုပိုင်ပါစေ၊
* ကိုယ့်ကိုကိုယ်နိုင်၊ စွမ်းအားပိုင်၊ ကြံ့ခိုင်အေးမြပေ၊
* ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊ ကိုယ်ပဲနိုင်ပါစေ၊

ဒါကြောင့် ဟာဝေ–စင်စစ်အမှန်ကေန်အား ဖြင့်၊ အတ္တာ–ကိုယ်ပိုင်စွမ်းအား၊ တရားရလို မိမိကိုယ်ကို၊ ဓိတံဓိတော၊ ကောင်းစွာမချွတ်၊ အောင်မြင်အပ်သည်ရှိသော်၊ သေယျော–မင်္ဂပေါက် ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် စွမ်းအားဆောင် ကာ ကောင်းစွာမချွတ် လွန်မြင့်မြတ်သည်၊ ဟော တိ–ကိုယ့်ကိုကိုယ်နိုင်၊ စွမ်းအားပိုင်ကာ၊ ကြံ့ခိုင် မသွေ ဖြစ်ရပါပေသတည်း။

* * *

http://www.dhammadownload.com

# သဒ္ဓါနဲ့ပညာညီရမယ်

* **သဒ္ဓါလွန်ကဲ၊ ပညာနည်း၊ တလွဲယုံတတ်သည်။**

စိတ်ဆိုတဲ့ဘောလုံးက လက်နဲ့ကိုင်လို့မရ၊ ပကတိမျက်စိနဲ့ ကြည့်လို့မမြင်ရ၊ သတိဉာဏ်ဆိုတဲ့ သာသနာ့သုတေသနလေး အသုံးချမှ စိတ်ဘောလုံး အသုံးချလို့ ဖြစ်ပါတယ်။ ကိုင်လို့ဖြစ်ပါတယ်၊ ကန်လို့ရပါတယ်။

အဖြူအသင်းမှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ရှိကြရာမှာ သဒ္ဓါနဲ့ ပညာက ညီရမယ်၊ တစ်ခုက လွန်သွားမယ်၊ တစ်ခုက လျော့သွားမယ်ဆိုရင် ဂိုးသွင်းခံရတတ်တယ်။

http://www.dhammadownload.com



ကုသိုလ်အလုပ်ထဲ အမည်းအသင်း ဝင်ရှုပ်လို့ ဂိုးရှုံးတတ်တယ်။

သဒ္ဓါတရား လွန်ကဲပြီး ပညာ (စဉ်းစားချင့်ချိန်၊ ဝေဖန်ဆန်းစစ်နိုင်တဲ့ပညာ)က အားနည်းသွားတဲ့အခါမှာ တလွဲတွေ ယုံတတ်တယ်၊ သူများပြောတိုင်း လျှောက်ယုံတတ်တယ်၊ ကြည်လင်ခြင်းမပါဘဲ ဆုံဖြတ်ခြင်းမပါဘဲ အလွဲလက်ခံမိတတ်တယ်။ (ဂိုးသွင်းခံရတတ်ပါတယ်)

*** ပညာလွန်ကဲ၊ သဒ္ဓါနည်း၊**
**စဉ်းလဲကောက်ကျစ်သည်။**

ပညာရှိပါရဲ့၊ ပြည့်စုံပါရဲ့၊ သို့သော် သဒ္ဓါတရားက အားနည်းပြန်တော့ စဉ်းလဲကောက်ကျစ်တယ်၊ ဆေးကြောင့်ဖြစ်တဲ့ ရောဂါလို ကုသရခက်တတ်တယ်။ (ဂိုးသွင်းခံရတတ်တယ်)

* * *

http://www.dhammadownload.com

# 'သတိ'ကညှိပေးတယ်

* **သတိတရား၊ ဤနှစ်ပါး၊**
**စွမ်းအားညှိပေးသည်။**

သတိဆိုတဲ့တရားက အဲဒီနှစ်ပါး(သဒ္ဓါနဲ့ ပညာ)ကို ညှိပေးတယ်၊ သတိက ညှိပေးတဲ့ ခေါင်းဆောင်ဖြစ်တယ်၊ ဂိုးသမားလဲသူပေါ့။

* **သရာဂံ ဝါ စိတ္တံ၊**
**သရာဂံ စိတ္တန္တိ ပဇာနာတိ၊**

အမည်းအသင်းက ဂိုးသွင်းလိုက်ပြီဆိုလျှင် ဒါ– ဂိုးဖမ်းတာပဲ၊ ဟိုက အပိုင်ဆိုပြီး သွင်းလိုက်တာ၊ ဒီက ဘယ်ရမလဲ၊ ဂိုးဖမ်းသမားက သိပ်ကျွမ်းကျင်တာ၊ အကုသိုလ်နဲ့တွဲတဲ့ စိတ်က

http://www.dhammadownload.com



လေးကို သတိဉာဏ်ကလေးနဲ့လိုက်ပြီး ရှုမှတ်လိုက်တယ်ဆိုရင် ဒီက ဘာဝနာသတ္တိတွေ၊ စွမ်းအားတွေရလို့ ကိုယ်က အနိုင်ရတာပါပဲ။

* **စွမ်းအားညီမှ ကောင်းကျိုးရ၊**
**မှုချချမ်းသာမည်။**

စွမ်းအားညီမှ ကောင်းကျိုးတွေရပြီး မုချကေန် ချမ်းသာမယ်။

* **လုံ့လလွန်ကဲ၊ အငြိမ်နည်း၊**
**မစွဲပျံ့လွင့်သည်။**

ဝီရိယနဲ့ သမာဓိညီရမယ်၊ လုံ့လကတော့ အားကောင်းပါတယ်၊ သမာဓိကအားနည်းတော့ မစွဲဘူး၊ ပျံ့လွင့်မှုတွေ သိပ်များတယ်၊ ပြေးလွှားရုန်းကန်တာတွေ ဖတ်ဖတ်ကိုမောလို့၊ ဘာမှ တရားစွမ်းအားမရ၊ (အဲလို ါရင်လဲ ဂိုးသွင်းခံရတတ်တယ်)၊ ဘယ်ဟာမှ စွဲစွဲမြဲမြဲ မရှိဘူး၊ စိတ်တွေက ထိန်းမနိုင်သိမ်းမရ ပျံ့လွင့်နေတတ်တယ်။

* **အငြိမ်လွန်ကဲ၊ လုံ့လနည်း၊**

F 8 A **ဖင့်နွဲ့ပျင်းရိသည်။**

http://www.dhammadownload.com



သမာဓိတော့ အားကောင်းပါရဲ့၊ ကြိုးစားအားထုတ်မှု ဝီရိယနည်းသွားပြန်တော့ ဖင့်နွှဲတယ်၊ လေးတေးတေးဖြစ်သွားပြီး ပျင်းတဲ့ဘက်ကို တစ်စတစ်စ ရောက်သွားတယ်။ (ဂိုးသွင်းခံရတတ်တယ်)

အလှူလုပ်ရင်းနဲ့ ဂိုးသွင်းခံရမယ်၊ သီလကျင့်သုံးရင်း ဂိုးသွင်းခံရမယ်၊ တရားထိုင်ရင်းနဲ့ ဂိုးသွင်းခံရမယ်။

* **သတိတရား၊ ဤနှစ်ပါး၊**
**စွမ်းအားညှိပေးသည်။**

သတိက အသင်းခေါင်းဆောင်လဲ ဟုတ်တယ်၊ ဂိုးသမားလဲဟုတ်တယ်၊ သူက စွမ်းအားကို ညှိပေးတယ်။ ဟိုဘက်က ဂိုးသွင်းရင်လဲ အမိဖမ်းရတယ်။ (စိတ်ကို အမိဖမ်းရမယ်)

သတိအားကောင်းရင် စိတ်သာချ၊ ကိုယ်က ကေနိုင်ရမှာ၊ အဲသလိုဆို အခု အနိုင်ယူနေကြတာပေါ့၊ ပရိသတ်အပေါင်း သူတော်ကောင်းတွေ ဘောလုံးပွဲကြီးမှာ ကိုယ်က အနိုင်ရအောင်ယူတော့ တော်တော်ပျော်ဖို့ကောင်းတယ်။

* * *

F 8 B

http://www.dhammadownload.com

# တရားနှင့်နားထိုက်တန်သူ

ကိုယ်က နိုင်တာမှ တကယ်ပျော်စရာ အစစ်ပါ၊ တရားနှင့်နား ထိုက်တန်သူသည် လောကမှာ တရားလောက် ပျော်စရာကောင်းတာ ဘာမှမရှိ၊ တရားနဲ့စိတ် ထိုက်တန်သူအတွက် လောကမှာ တရားလောက် ကောင်းတဲ့အရသာ ဘာမှမရှိ။

ဒီလိုသိသွားတော့ ကိုယ့်ဘက်က အမြဲတမ်း ဂိုးနိုင်မှာ သေချာသွားပြီ၊ ဟိုဘက်ကဂိုးသွင်းလဲ အပိုင်ဖမ်းနိုင်မှာ သေချာသွားပြီ။

- **သဒ္ဓါလွန်ကဲ၊ ပညာနည်း၊ တလွဲယုံတတ်သည်။**

http://www.dhammadownload.com



* ပညာလွန်ကဲ၊ သဒ္ဓါနည်း၊
  စဉ်းလဲကောက်ကျစ်သည်။
* သတိတရား၊ ဤနှစ်ပါး၊
  စွမ်းအားညှိပေးသည်။
* စွမ်းအားညီမှ၊ ကောင်းကျိုးရ၊
  မုချချမ်းသာမည်။
* လုံ့လလွန်ကဲ၊ အငြိမ်နည်း၊
  မစွဲပျံ့လွင့်သည်။
* အငြိမ်လွန်ကဲ၊ လုံ့လနည်း၊
  ဖင့်နွဲ့ပျင်းရိသည်။
* သတိတရား၊ ဤနှစ်ပါး၊
  စွမ်းအားညှိပေးသည်။
* စွမ်းအားညီမှ၊ ကောင်းကျိုးရ၊
  မုချချမ်းသာမည်။
* ကိုယ့်ကိုကိုယ်နိုင်၊ စွမ်းအားပိုင်၊
  ကြွနိုင်အေးမြသည်။
* ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊
  ကိုယ်ပဲနိုင်ရမည်။

http://www.dhammadownload.com



ဒါကြောင့် ဟာဝေ–စင်စစ်အမှန် ဧကန်အား ဖြင့်၊ အတ္တာ–ကိုယ်ပိုင်စွမ်းအား၊ တရားရလို၊ မိမိကိုယ်ကို၊ ဇိတံဇိတော–ကောင်းစွာမချွတ်၊ အောင်မြင်အပ်သည်ရှိသော်၊ သေယျော–မဂ်ပေါက် ဖိုလ်ပေါက်။ နိဗ္ဗာန်ရောက်အောင်၊ စွမ်းအားဆောင် ကာ၊ ကောင်းစွာမချွတ်၊ လွန်မြင့်မြတ်သည်၊ ဟောတိ–ကိုယ့်ကိုကိုယ်နိုင်၊ စွမ်းအားပိုင်ကာ၊ ကြွံခိုင်မသွေ ဖြစ်ရပါပေသတည်း။

* * *

http://www.dhammadownload.com

## သတိကို အရေးတကြီးတောင်းတယ်

* **သတိမပါ၊ သိစရာ၊ ရှိတာမပြည့်ဝ၊**

သာသနာက 'သတိ'ကို အရေးတကြီး တောင်းပါတယ်၊ ဒါကြောင့်လဲ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံကာနီးမှာ အပ္ပမာဒေန, သမ္ပာဒေထလို့ စကားလေးနှစ်လုံးနဲ့ နိဂုံးအုပ်ခဲ့တာပါ။

သတိမပါရင် သိစရာဟာ ဘယ်ဟာမှ အရှိအတိုင်း အပြည့်အဝမရဘူး၊ ဒါနလုပ်ပြန်တော့လဲ ဒါနသူခိုးတွေ သိပ်များတယ်၊ သီလကျင့်သုံးပြန်တော့လဲ သီလသူခိုးတွေ သိပ်များတယ်၊ သမာဓိပွားပြန်တော့လဲ သမာဓိသူခိုးတွေ သိပ်များတယ်၊ ဝိပဿနာအားထုတ်ပြန်တော့လဲ ဝိပဿနာသူခိုးတွေ သိပ်များတယ်၊ သတိအားနည်းရင် သူခိုးသိပ်များတယ်။

http://www.dhammadownload.com



*** သတိတွဲကာ၊ အသိပါ၊ ရှိတာအပြည့်ရ။**

သတိတွဲသွားရင် ရှိတာအပြည့်ရတယ်၊ သတိနဲ့ ဝီရိယလေး တွဲမိသွားရင် သမာဓိလေးတွေ အားကောင်းလာတယ်၊ သမာဓိအားကောင်းလာရင် တည်ငြိမ်တယ်၊ ရင့်ကျက်တယ်၊ အေးချမ်းတယ်၊ စွမ်းအားတွေရတယ်။

* * *

http://www.dhammadownload.com



# နောက်ရွှေ့စရာမလိုပါ

အိမ်အလုပ်လုပ်ရင်းနဲ့ သူ့မှာ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေ တစ်ခါထဲပါသွားတယ်၊ အချိန်နဲ့ အင်အားဖြုန်းတီးမှုတွေ သူ့မှာ မရှိတော့ပါဘူး။

အားတဲ့အခါ ငါ ကုသိုလ်လုပ်လိုက်စမ်းမယ်၊ အလုပ်က အနားယူတုန်း အားထုတ်လိုက်စမ်းမယ်၊ မသေချာတဲ့ အနာဂတ်တွေကို လည်တမော့မော့ မျှော်ပြီးတော့ အံကြိတ်ပြီး နောက်ရွှေ့စရာမလိုပါ။

သတိဆိုတာ ပစ္စုပ္ပန်တန်ဖိုးထား၊ ပစ္စုပ္ပန်လေးစား၊ ပစ္စုပ္ပန်မြတ်နိုး၊ သင်မြတ်နိုးသောတန်ခိုးသည် ပစ္စုပ္ပန်၌ရှိသည်။ ပစ္စုပ္ပန်ကို သဒ္ဓါ၊ ဝီရိယနဲ့ ခွဲထုတ်ယူပါ။

http://www.dhammadownload.com



* သတိမပါ၊ သိစရာ၊
  ရှိတာမပြည့်ဝ၊
* သတိတွဲကာ၊ အသိပါ၊
  ရှိတာအပြည့်ရ၊
* ကိုယ့်ကိုကိုယ်နိုင်၊ စွမ်းအားပိုင်၊
  ကြွနိုင်အေးချမ်းရ၊
* ခန္ဓာကိုယ်ထဲ၊ ဘောလုံးပွဲ၊
  ကိုယ်ပဲအနိုင်ရ၊

* * *

http://www.dhammadownload.com

# သတိခေါင်းဆောင်လိုတယ်

ဘောလုံးပွဲနိုင်ချင်ရင်တော့ သတိခေါင်းဆောင်လိုတယ်၊ သတိဂိုးသမားကောင်းဖို့လိုတယ်။ သာသနာတွင်းမှာ ခြေတစ်လှမ်းတန်ဖိုးကို နားလည်ပါ။

ခြေတစ်လှမ်းအတွင်းမှာ သီလပါတယ်၊ သမာဓိပါတယ်၊ ဝိပဿနာပါတယ်၊ ခြေတစ်လှမ်းတန်ဖိုးမထားရင် ချော်လဲတတ်တယ်၊ ဆူးစူးတတ်တယ်၊ အိမ်လှေကားပေါ်က လိမ့်ကျ ခြေကျိုးတတ်တယ်၊ ခြေတစ်လှမ်းရဲ့ အလှမ်းမှားမှုကြောင့် နစ်နာတာတွေ လောကမှာ အများကြီးပါ၊ ခြေတစ်လှမ်း တန်ဖိုးထားလို့၊ ခြေတစ်လှမ်း

http://www.dhammadownload.com



ကုဋေတစ်သန်းတန်လို့ ပြောရအောင် စွမ်းအားယူ တတ်သူလဲ ရှိတယ်ပေါ့။

ထမင်းတစ်လုပ်တန်ဖိုး နားလည်ပါ၊ ထမင်း တစ်လုပ်အတွင်းမှာ သီလ၊ သမာဓိ၊ ဝိပဿနာ အစုံပါတယ်။

သာသနာတွင်းမှာ လူဖြစ်တဲ့ပုဂ္ဂိုလ်၊ ဘယ် ဟာမှ အလကား အကုန်မခံပါဘူး၊ အချိန်နဲ့ အင်အားဖြုန်းတီးမှု သူ့မှာ အလွန်နည်းပါတယ်၊ အကုန်လုံးဟာ တရားပုံစံနဲ့ အသုံးချတာချည်းပါပဲ၊

မိသားစုအချင်းချင်း ကျွေးရတာ ပျော်စရာ အလှူပွဲကြီး၊ အိမ်ထဲမှာလုပ်ရတဲ့ ကိစ္စတွေဟာ ဝေယျာဝစ္စကုသိုလ်တွေ၊ သတိနဲ့ ဝီရိယတွဲ သမာဓိ တွေချည်း၊ အသိနဲ့ သိစရာလေး ဉာဏ်နဲ့ပိုင်း၊ ပိုင်းကြည့်၊ ဝိပဿနာတွေ အိမ်ထဲတန်းစီလို့။

ဒါကြောင့် ယူတတ်တဲ့ပုဂ္ဂိုလ်မှာတော့ ကိုယ် ကချည်းပဲ အနိုင်ရနေတာပါ၊ ခန္ဓာကိုယ်ဘောလုံး ကွင်းမှာ ကိုယ်က အမြဲတမ်းဂိုးနိုင်ပြီးတော့ ဟိုက ဂိုးသွင်းတာကိုလဲ ကိုယ်ကအပိုင်ဖမ်းပြီး ကိုယ်က ချည်း ဂိုးနိုင်ပြီး အေးချမ်းကြရပါတယ်။

http://www.dhammadownload.com



ဒါကြောင့် သာသနာက၊ အပ္ပမာဒ သတိကိုင်ထား၊ သတိကိုင်မိရင် ဝီရိယနဲ့တွဲ၊ သတိနဲ့ ဝီရိယတွဲမိပြီဆိုရင် သမာဓိလေးတွေ တန်းစီပြီး ပေါ်လာပါလိမ့်မယ်၊ အိုထုပ်၊ နာထုပ်၊ သေထုပ်ကြီးကို ရတနာထုပ်အဖြစ် ပြောင်းပေးပါလိမ့်မယ်။

* * *

http://www.dhammadownload.com

# အဆိပ်မှအသက်ကယ်ဆေးသို့

လောကမှာ မြွေပွေး မြွေဟောက်မှာရှိတဲ့ မြွေဆိပ်တွေဟာ ဒီအတိုင်းဆိုရင်တော့ လူ့အသက်ဆုံးရှုံးသည်အထိ၊ အန္တရာယ်ပြုတတ်ပါတယ်၊ စနစ်တကျထုတ်ယူပြီး ဓာတ်သဘာဝတွေနဲ့ ဆေးဝါးဖော်စပ်လိုက်တော့ အသက်ကယ်ဆေး ဖြစ်သွားတယ်၊ မြွေဆိပ်ဖြေဆေး ဖြစ်သွားတယ်။

ဒါမျိုးလိုပေါ့။ ဟောဒီ အိုထုပ်၊ နာထုပ်၊ သေထုပ်ကြီးကို ဒါနဓာတ် သဘာဝတွေ၊ သီလ၊ သမာဓိ၊ ဝိပဿနာဓာတ်သဘာတွေနဲ့ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ဆေးဝါးကောင်းတွေနဲ့ ဖော်စပ်လိုက်တော့ မအို၊ မနာ၊ မသေကြောင်းဖြစ်တဲ့ တရားကောင်းတွေ ဖြစ်သွားရတယ်။

http://www.dhammadownload.com



အသုံးချတတ်တဲ့ ပုဂ္ဂိုလ်တွေကျတော့ တော်တော်ကို ဟန်ကျတယ်၊ ဒါကြောင့်မို့ စွမ်းအားဟာ ယူတတ်မှရတာပါ၊ အားတိုင်း ကုသိုလ်လုပ်တာလဲမဟုတ်ပါဘူး၊ ပိုက်ဆံပေါတိုင်း လုပ်တာလဲ မဟုတ်ပါဘူး၊ ဒါကြောင့် ခန္ဓာကိုယ်ဘောလုံးပွဲမှာ ကိုယ်က အနိုင်ယူနေရပါတယ်။

* * *

http://www.dhammadownload.com

# ကြည့်တတ်ရင်ဘာဝနာ

ဒေါ်ကြည်အေးဆိုတဲ့ ယောဂီတစ်ယောက် ရှိတယ်၊ တရား မကြာ,မကြာ,နာလို့ ဗဟုသုတ ရှိတယ်၊ ဉာဏ်မျက်လုံးကောင်းတယ်။

တစ်ချိန် ယခုလို ဥပုသ်နေ့ နေ့လည်ချိန် ပေါ့၊ အိမ်ကနေ ထွက်လာခဲ့တယ်၊ ရိပ်သာကျောင်း ကို သွားတာပါ၊ ဥပုသ်စောင့်မယ်၊ တရားနာမယ်၊ တရားထိုင်မယ်၊ တရားအားထုတ်မယ်ဆိုတဲ့ ရည် ရွယ်ချက်နဲ့ အိမ်ကနေ ဒေါ်ကြည်အေး ထွက်လာခဲ့ တယ်။

သဘော်ဆိပ်ကမ်းဘက်ကနေ လှည့်သွားတဲ့ အခါ သဘော်ဆိပ်ကမ်းရောက်တော့ အာရုံတစ်ခု တွေ့ပါတယ်၊ ဘယ်အာရုံမဆို ကြည့်တတ်သူ

http://www.dhammadownload.com



အတွက် တရားချည်းပါ၊ ဘယ်အာရုံမဆို မကြည့် တတ်သူအတွက် အကုသိုလ်ဖြစ်စရာချည်းပါ။

ဒေါ်ကြည်အေးက တရားမျက်လုံးကောင်းတော့ တရားပုံစံနဲ့ပဲ ကြည့်ပါတယ်၊ သူတွေ့ရတဲ့ အာရုံက မှုတူးဆိုတဲ့ ကူလီတစ်ယောက်၊ ကုန်တင်ကားကြီးပေါ်ကနေ ဆန်အိတ်တွေ တစ်အိတ်ချင်း တစ်အိတ်ချင်း ထမ်းပြီးတော့ ဟိုအဝေး မြစ်ထဲမှာရှိတဲ့ သင်္ဘောပေါ်ကို ထမ်းပို့နေတဲ့ မြင်ကွင်းပါပဲ။

အဲဒါကို ဒေါ်ကြည်အေးက မြင်တော့ ကြည့်နေပါတယ်၊ အမှန်ကတော့ သာမန်အားဖြင့် ကူလီဆန်အိတ်ထမ်းတာ စကားတစ်ခုလုပ်ပြီး ပြောစရာလဲမလို၊ အချိန်ကုန်ခံ ကြည့်နေစရာလဲ မလို ဒါဟာ ဉာဏ်မျက်လုံးမပါသူအတွက်တော့ ဟုတ်တယ်။

ဉာဏ်မျက်လုံးပါသူအတွက် (သံသရာခရီးသည်ပုံစံနဲ့)ကြည့်ရင် တရားပဲ၊ နေကလဲ ပူလိုက်တာ၊ နေပူကြီးထဲ ဝေးလံတဲ့ သဲပြင်ကြီးပေါ်ဖြတ်၊ ဆန်အိတ်ကြီးထမ်းပြီးပို့နေ . . .။

http://www.dhammadownload.com



တစ်နေ့ရာမှာ တံတား၊ ချောက်ကလဲ တော်တော်နက်တော့ တံတားခင်းထားတယ်၊ တံတားကလဲ လူတစ်ယောက်ပဲ လျှောက်လောက်တဲ့ ပျဉ်ပြားတစ်ချပ်ပဲ ခင်းထားတယ်၊ ဘေးက ကိုင်စရာလဲမပါ။

* * *

http://www.dhammadownload.com

# သံသရာခရီးသည်

အဲဒါကို ဒေါ်ကြည်အေးက ဉာဏ်မျက်လုံး တပ်ပြီး ကြည့်တော့...

"သြော်...သံသရာခရီးသည်တွေလဲ မှုတူး လိုပဲနော်၊ သူများအထုပ်ကြီး ကိုယ့်အထုပ်လုပ်ပြီး တော့ ထမ်းနေလိုက်ကြတာ၊ ဝေးလံတဲ့ သံသရာ ခရီးကြမ်းကြီးမှာ မှုတူးလိုပဲ၊ အတွင်းကပူလို့ပူမှန်း မသိ၊ အပြင်ကပူလို့ ပူမှန်းလဲမသိ၊ ထမ်းနေကြ တယ်။

မှုတူးသွားတဲ့လမ်းမှာ ချောက်ကြီးရှိသလို ပဲ၊ ချောက်မှာ ခင်းထားတဲ့ တံတားကလဲ ပျဉ် တစ်ချပ်ပဲ၊ ဘေးမှာ ကိုင်စရာမပါသလိုပေါ့၊ သံသရာခရီးသည်တွေလဲ ဒီဘဝနဲ့ နောက်ဘဝ ကူးဖို့ ငါးပါးသီလတံတားလေး ခင်းထားလိုက်ပုံက

http://www.dhammadownload.com



တစ်ပါးတောင် တယ်မလုံချင်ဘူး၊ ဘေးက သမာဓိကိုင်စရာလဲမပါ၊ အော်...လိမ့်ကျစရာကြီးနော်"

မှုတူးက အစပြုပြီး ဒေါ်ကြည်အေးက သံသရာခရီးသည်အထိ ကြည့်တာပါဗျ၊ မှုတူးဟာ ဆန်အိတ် ၉ အိတ်– ၁၀ အိတ် ထမ်းပိုးပြီး မောတာနဲ့ ကမ်းနားလာပြီး မတ်တပ်ရပ် အနားယူတယ်၊ စကားပြောခွင့်ကြုံလို့ ဒေါ်ကြည်အေးက စကားပြောပါတယ်။

"ဟဲ့– မှုတူး၊ အဲဒီဆန်အိတ်တွေဟာ ဘယ်သူ့ဆန်အိတ်တွေလဲဟဲ့"

"သူဌေးကြီးဆန်အိတ်တွေဗျ"

"သူဌေးကြီးဆန်အိတ်ကို နင်က ဘာဆိုင်လို့ ထမ်းနေတာလဲ"

"ဆန်တစ်အိတ်ထမ်းရင် သူဌေးကြီးက ငါးမူး၊ ငါးမူး ပေးတယ်ဗျ၊ ထမ်းခ ငါးမူးရလို့ ထမ်းတာ"

"မှုတူး ဒီပြင်ထမ်းတဲ့သူကော မရှိဘူးလား"

"အများကြီးရှိတယ်၊ ကျွန်တော်က ဘယ်ပေးနိုင်မလဲဗျ၊ သူများကို ကျွန်တော်က ငါးမူးဖွဲ့မပေးချင်ဘူး၊ ကျွန်တော့ဝင်ငွေက ဒါပဲရှိတာ"

http://www.dhammadownload.com



"ဆန်အိတ်တွေက ဘယ်လောက်ရှိလဲ"

"ငါးဆယ်လောက်ရှိမယ်၊ တစ်နေ့လည်လုံး ကြိုးကြိုးစားစားထမ်းရင် (၂၅)ကျပ်လောက်တော့ ရမှာပေါ့ဗျ"

"မှူတူး– အဲဒီဆန်အိတ်တွေ ထမ်းတာ ကုသိုလ်စိတ်နဲ့ထမ်းတာလား၊ သူဌေးကြီး ချမ်းသာ ပါစေလို့ မေတ္တာတွေပို့ပြီးထမ်းတာလား၊ ဒီဆန် တွေ စားသုံးကြမယ့်သူတွေအားလုံး ချမ်းသာကြ ပါစေလို့ မေတ္တာပို့ပြီး ထမ်းတာလား၊ ဝေယျာ ဝစ္စ ကုသိုလ်တွေ ငါရပြီလို့ သိလမြတ်နိုးစိတ်၊ ဝေယျာဝစ္စကုသိုလ်မြတ်နိုးစိတ်နဲ့ ထမ်းတာလား၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ် အသိလေးနဲ့ သတိပဋ္ဌာန်စိတ်လေးတွေနဲ့ ထမ်းတာလား"

"ဟာ–အစ်မ၊ ကျွန်တော် ကုသိုလ်လိုချင်လို့ ထမ်းတာ မဟုတ်ဘူးဗျ၊ သူဌေးကြီးမေတ္တာပို့ရ အောင် သူဌေးကြီးချမ်းသာလဲ ကျွန်တော် ဘာရမှာ မှတ်လို့၊ လူတွေ ဒီဆန်စားရတော့ကော ကျွန်တော် ဘာရမှာမှတ်လို့၊ ကျွန်တော်ကတော့ တစ်အိတ် ထမ်း ငါးမူးရ တော်ပြီဗျာ"

* * *

http://www.dhammadownload.com

# သာသနာ့မျက်လုံးတပ်ကြည့်ရင်

မူတူးရဲ့အဖြေဟာ ဒေါ်ကြည်အေးအတွက် တရားတစ်ပုဒ်ပဲလေ။

"အော်...သံသရာခရီးသည်တွေလဲ မူတူးလိုပဲနော်၊ သိန်းသန်းကုဋေမကတန်တဲ့ သာသနာတော်အထဲမှာ ဘယ်အထုပ်ကိုပဲကိုင်ကိုင် အဖိုးတန်တဲ့ တရားထုပ်ကြီးတွေ၊ အဲဒါကို ငါးမူးနဲ့ ဈေးဖြတ်နေတဲ့သူတွေ အများကြီးပါလား၊

သိန်းသန်းကုဋေမက တန်တဲ့ ကုသိုလ်အထုပ်ကြီးတွေကို ငါးမူးနဲ့ ဈေးဆစ်နေတဲ့သူတွေ၊ တန်ဖိုးဆုံးဖြတ်နေတဲ့သူတွေ အများကြီးပါလား၊

မူးတူးထမ်းတဲ့ ဆန်အိတ်ကြီးတွေ၊ တကယ်ယူတတ်ရင်၊ သီလ၊ သမာဓိ၊ ဝိပဿနာတွေ

http://www.dhammadownload.com



အများကြီးပဲ၊ ဒါပေမယ့် မလိုချင်ဘူးတဲ့၊ တစ်အိတ် ငါးမူးရ တော်ရောပေါ့တဲ့"

သူကတော့ သာသနာ့မျက်လုံးပါတော့ သာသနာ့မျက်လုံး တပ်ကြည့်တာပေါ့ဗျာ၊ တပ်ကြည့်တော့ တရားတွေပဲကိုး၊ အဲဒါနဲ့ သနားလို့ပြောပါတယ်။

"မှုတူးရယ်၊ နေကလဲပူလိုက်တာ၊ လမ်းကလဲကြမ်း၊ သဲပြင်ကလဲ လျှောက်ရတာ အဝေးကြီး၊ ဟိုနားက တံတားကလဲ ပျဉ်လေးတစ်ချပ်ပဲ ခင်းထားတာ၊ ဘေးက ကိုင်စရာလဲမရှိနော်၊ မင်းဆန်အိတ်ကြီးထမ်းရင်းနဲ့ အမှတ်တမဲ့ လိမ့်ကျသွားနိုင်တယ်၊ လိမ့်ကျသွားရင်တော့ ကျိုးပဲ့ဖို့သာပြင်ပေတော့"

"ကိစ္စမရှိဘူး၊ ကိစ္စမရှိဘူး"တဲ့ (မှုတူးက)

ပြုံးပြုံးပြုံးပြုံးနဲ့ ဆန်အိတ်ကြီးထမ်းနေ၊ မောရမှန်းလဲမသိဘူး၊ ခရီးကြမ်းကြီးလျှောက်နေ၊ ပင်ပမ်းမှန်းလဲ မသိဘူး၊ ဒီလောက်လေးလံတဲ့ အထုပ်ကြီးတွေ ထမ်းတာ ငါးမူးပဲရတာကို ပျော်လို့။

http://www.dhammadownload.com



ဘဝသံသရာခရီးသည်တွေလဲ သိန်းသန်းကုဋေမကတန်တဲ့ ကုသိုလ်ထုပ်ကြီးတွေ ထမ်းထားပါလျက်သားနဲ့ ငါးမူးလေးနဲ့ ပျော်နေကြတဲ့သူတွေ အများကြီးပဲ။

* * *

http://www.dhammadownload.com

# အရမ်းနားပူတယ်

အဲဒါနဲ့ သူ့ကိုပြောတယ်။

"မှူတူး- တစ်နေ့လည်လုံးထမ်းမှ (၂၅)ကျပ် လောက်ပဲရမှာ နေကလဲပူသေး၊ လမ်းကလဲ ကြမ်းသေး၊ အခန့်မသင့်ရင် ချောက်ထဲ လိမ့်ကျနိုင် သေးတယ်၊

ဒီနေ့ ဥပုသ်နေ့ကွ၊ ဟောဒီနားက ရိပ်သာ ကျောင်းသွားမယ်၊ ဥပုသ်စောင့်ထိန်းရအောင်၊ ဥပုသ်ဆိုတာ မီတဲ့အချိန်ကစပြီး စောင့်လို့ရတာပဲ၊ အဲဒီမှာ တရားနာမယ်၊ တရားနာပြီးရင် တရားထိုင် မယ်ကွာ၊ လက်တွေ့ အသုံးချမှာပေါ့၊ အလွန်ဆုံး (၂)နာရီလောက်ပဲကြာမယ်၊

http://www.dhammadownload.com



အချိန်(၂)နာရီ မင်းပေးနိုင်ရင် ဆုငွေတစ်ထောင်ပေးမယ်၊ ရိပ်သာကျောင်းလိုက်ခဲ့၊ ဟိုမှာ အေးအေးချမ်းချမ်းလေးနဲ့ ငွေတစ်ထောင်ပေးမှာ၊ လိုက်ခဲ့"

"ဟာ– မဖြစ်ဘူးအစ်မ၊ တရားနာတာက အရမ်းနားပူတယ်ဗျ၊ တရားထိုင်တာ ခါးပူ ခါးညောင်း သိပ်ဆင်းရဲပင်ပန်းတယ်၊ ဒီမှာ ဆန်အိတ်ထမ်းတာက ခေါင်းပူရုံ၊ ကျောပူရုံ၊ ခြေထောက်ညောင်းရုံပဲရှိတာ၊ ကျွန်တော် နားပူလဲမခံနိုင်ဘူး၊ ခါးပူခါးညောင်းတာလဲ မခံနိုင်ဘူး၊ ဒီမှာ ခေါင်းပူ၊ ကျောပူလို့ရတဲ့ (၂၅)ကျပ်ပဲ ကျွန်တော် ကျေနပ်ပါပြီဗျာ၊ နားပူခါးပူလို့ရတဲ့ ငွေတစ်ထောင် မယူပါရစေနဲ့"

အဲသလို တူးတူးခါးခါးငြင်းတယ်၊ အဲဒါလဲ ဒေါ်ကြည်အေးအတွက် တရားတစ်ပုဒ်ပဲ။

"သြော်...သတ္တဝါတွေ မရှိတာထက် မသိတာခက်ဆိုတာ ဒါမျိုးပြောတာနော်၊ ကိုယ့်မှာ ရလာဘ်ကြီး လမ်းဖွင့်ပေးလျက်သားနဲ့ ရလာဘ်ကို မမြင်၊ သွားနေကျ ဒရွတ်တိုက်ကြီး ဆက်သွား

http://www.dhammadownload.com



ချင်တယ်၊ ရှန်းနိုင်ဖို့ လမ်းပေါက်ပေးထားလျက်သားနဲ့ မရှန်း၊ ကြိုးလေးနည်းနည်းဖြေပြီး ရှန်းရမှန်းလဲမသိ၊ ပေတေနေတဲ့ သတ္တဝါတွေ အများကြီးပါလား"

မှုတူးကို သူက သံသရာခရီးသည်ပုံစံနဲ့ ကြည့်ပြီး တရားအာရုံအဖြစ် စွမ်းအားတွေ ယူနေတာဗျ။

* * *

http://www.dhammadownload.com

# လက်တွေ့ဘောလုံးပွဲ

အဲဒါနဲ့ ခေါ်လို့မရတော့ ထားခဲ့ရတာပေါ့၊ ဒေါ်ကြည်အေးတစ်ယောက်ထဲ ရိပ်သာဘက် ဆက်သွား။

ရောက်ပါပြီ၊ ဥပုသ်သီလများယူ၊ တရားပြတဲ့ ဘုန်းကြီးက အလုပ်ပေးတရားများ ၁ နာရီလောက်ဟော၊ ခန္ဓာဉာဏ်စိုက်ပြီး ရှုမှတ်အားထုတ်ဖို့ အလုပ်ပေးတရားတွေပေါ့။

တစ်နည်းအားဖြင့်တော့ ဘောလုံးကန်ဖို့ အကွက်တွေချပေးတယ်ပေါ့၊ တရားဟောပြီးတော့

"ကဲ- ယောဂီတွေအကုန်လုံး ၁ နာရီ တရားထိုင်ရမယ်"

http://www.dhammadownload.com



တရားထိုင်ခိုင်း၊ လက်တွေ့ဘောလုံးကန်စေပြီး ပြိုင်ခိုင်းတာ၊ ယောဂီတွေထဲမှာ ဒေါ်ကြည်အေးလဲပါတော့ တရားထိုင်ရတော့တာပေါ့၊ အဲဒါနဲ့ ယောဂီတွေအားလုံး ခန္ဓာဉာဏ်စိုက်လို့ ဝိပဿနာအလုပ် အားထုတ်နေကြပြီ။

အမည်းအသင်းနဲ့ အဖြူအသင်း ခန္ဓာဘောလုံးကွင်းမှာ စိတ်ဆိုတဲ့ ဘောလုံးကို ယောဂီတွေကန်နေကြပြီပေါ့ဗျာ။

* * *

http://www.dhammadownload.com

# ဘောလုံးပွဲစပြီ

ဘောလုံးပွဲစပြီ၊ ဒေါ်ကြည်အေးကြီး ဘောလုံး စ,ကန်ပြီ၊ ၅ မိနစ်၊ ၁၀ မိနစ်ရောက်သွားပြီ၊ မျက်စိမှိတ်လိုက်ပြန်တော့ မီးဖိုချောင်ထဲက အိုးတွေ ခွက်တွေ တောင်းတွေ ပလုံးတွေ ပေါ်လာပြန်ပြီ။

မဟုတ်သေးပါဘူးဟယ်၊ ငါက ခန္ဓာဉာဏ်စိုက်တာ၊ ဘယ့်နှယ် ခန္ဓာမပေါ်၊ မီးဖိုချောင်ထဲက အိုးတွေခွက်တွေ တောင်းတွေပလုံးတွေ ပေါ်လာရပါလိမ့်။ (အမှန် သူကိုးရှုံးတာ)

အမည်းအသင်းကိုးသွင်းနေတယ်၊ ဒေါ်ကြည်အေး ဂိုးရှုံးနေပြီ။ ဘောလုံးပွဲ စ,ရုံပဲ ရှိသေးတယ်၊ ဂိုးတွေ တော်တော်ရှုံးနေပြီ၊ အမည်းအသင်း

http://www.dhammadownload.com



ခဏ,ခဏ ဂိုးသွင်းနေတာ၊ သူက ပြန်မကန်နိုင်အောင် ဖြစ်နေတယ်။

တစ်ခါထည်း မျက်စိကိုမှိတ်လို့ ခန္ဓာကို ဉာဏ်စိုက်လိုက်ပြန်တော့ ဈေးဆိုင်ထဲက ရောင်းကုန်ပစ္စည်းတွေ တန်းစီလို့ ပေါ်လာပြန်ကြပြန်တယ်။

မဟုတ်သေးပါဘူးဟယ်၊ ငါက ခန္ဓာဉာဏ်စိုက်တာ ဘယ့်နှယ်လုပ် ဈေးဆိုင်ထဲက ရောင်းကုန်ပစ္စည်းတွေ၊ ရောင်းခပိုက်ဆံတွေ တန်းစီပြီး ပေါ်လာပါလိမ့်၊ (ဂိုးရှုံးတာ၊ ဒေါ်ကြည်အေး ဂိုးရှုံးနေတာ)

အဖြူအသင်းရယ်၊ အမည်းအသင်းရယ်၊ ခန္ဓာကိုယ် ဘောလုံးကွင်းမှာ စိတ်ဘောလုံးကို လုလို့ ကန်နေတဲ့အခါ သတိဆိုတဲ့ ခေါင်းဆောင်က ညံ့လွန်းအားကြီးလို့ အဖြူအသင်း ပေါ့ဆနေလို့ အမည်းအသင်းက ဂိုးသွင်းလိုက်တာ ခဏခဏပဲ။

ဟိုဘက်က ဂိုးသွင်း၊ သတိဂိုးသမားက မပိုင်၊ လွတ်,လွတ်သွား၊ လွတ်,လွတ်သွားတော့ ဂိုးရှုံး။

http://www.dhammadownload.com



အဲဒါနဲ့ ခန္ဓာဉာဏ်စိုက်လိုက်ပြန်ပြီ၊ မီးဖို ချောင်ထဲက ပစ္စည်းတွေ ပေါ်လာပြန်ပြီ၊ အိမ်ထဲက ပစ္စည်းတွေ ပေါ်လာပြန်ပြီ၊ ဈေးဆိုင်ထဲကပစ္စည်း တွေ ပေါ်လာပြန်ပြီ၊ အဆင်မပြေဘဲ ဖြစ်နေတယ်။

ဒေါ်ကြည်အေး ဂိုးရှုံးတာ တော်တော်များ သွားပြီ၊ ကိုယ့်ဘက်က တစ်ဂိုးမှ မသွင်းနိုင်သေး ဘူး၊ ဒီပုံစံနဲ့ အိမ်ပြန်ရရင် ဒေါ်ကြည်အေးတော့ **'ဂိုးရှုံးပြန်က၊ အပူရ၊ ဒုက္ခပင်လယ်ဝေ'** ဖြစ်မှာ ပေါ့။

မှူးတူးကို တရားဟောခဲ့တုန်းကတော့ ဟုတ် တိ ပတ်တိကြီး၊ တကယ်တမ်း သူကိုယ်တိုင် လက်တွေ့စမ်းသပ်ကြည့်တော့ ဟန်မကျဖြစ်နေ တယ်။

အဲဒါနဲ့ တော်တော်စိတ်ညစ်လာတယ်၊ စိတ်ညစ်တယ်ဆိုကတည်းက ဂိုးရှုံးနေပြီပေါ့ဗျ၊ ဟိုဘက်က တဖုံးဖုံး ဂိုးသွင်းနေပြီ။

* * *

http://www.dhammadownload.com

# အရှုံးများမပေးလိုက်နဲ့

တရားထိုင်တာ စိတ်ညစ်ရမှာမှ မဟုတ်ဘဲ၊ ညစ်တဲ့စိတ်ဆိုရင်လဲ . . .

**သဒေါသံ ဝါ စိတ္တံ၊**

**သဒေါသံ စိတ္တန္တိ ပဇာနာတိ၊**

**သမောဟံ ဝါ စိတ္တံ၊**

**သမောဟံ စိတ္တန္တိ ပဇာနာတိ၊**

ဂိုးသမား ကျွမ်းကျင်တယ်ဆိုရင် ဟိုဘက်က ဘယ်လိုဂိုးသွင်း ဂိုးသွင်း ဖမ်းနိုင်ရမှာပေါ့။

မဖမ်းနိုင်တော့ စိတ်တွေညစ်၊ စိတ်ဓာတ်တွေ ကျလာတယ်၊ ဒီနေ့ ငါတရားထိုင်ရတာ ဘယ်လို ဖြစ်နေမှန်းလဲမသိဘူး၊ အာရုံနဲ့စိတ် အဆင်မပြေ အောင် ဖြစ်နေတယ်။

http://www.dhammadownload.com



အာရုံနဲ့စိတ် အဆင်မပြေဘူး၊ အသိစိတ်နဲ့ အာရုံ ကပ်လို့မရဘူး၊ အသိစိတ်နဲ့ အာရုံ တစ်ပြိုင်ထဲ အသိစိတ်နဲ့သိစရာ လိုက်လို့မရအောင် ဖြစ်နေတယ်။

"အေးလေ၊ တရားထိုင်တာ ကိုယ့်သဘောနဲ့ကိုယ် ထိုင်တာပဲ၊ တစ်နာရီမပြည့်တော့ကော ဘာဖြစ်သေးလဲ"

(လျှော့လာပြီ ဂိုးရှုံးတာ)

ကိုယ့်ကိုကိုယ် မနိုင်ဘူး၊ မြတ်စွာဘုရားဒေသနာက–

အတ္တာဟဝေဇိတံသေယျော၊ အရှုံးများမပေးလိုက်နဲ့ ကိုယ့်ဟာကိုယ်အနိုင်ယူ၊

လောကရှုံးပွဲမှန်သမျှမှာ ကိုယ့်ဟာကိုယ် အရှုံးပေးရတဲ့ ပွဲသည် အယုတ်ညံ့ဆုံး၊ အနစ်နာဆုံး၊ ဒေါ်ကြည်အေးက အရှုံးပေးတော့မလို့၊ ဒီလောက်တောင် ခဏခဏ အမည်းအသင်းက ဂိုးသွင်းလာတယ်ဟယ်၊ ငါပဲ အရှုံးပေးလိုက်မယ် ဆိုတဲ့ သဘောနဲ့ပေါ့။

F 10 A

http://www.dhammadownload.com



"ကိုယ့်သဘောနဲ့ကိုယ် ထိုင်တာပဲလေ၊ ၁–နာရီမပြည့်တော့ကော ဘာဖြစ်သေးတုန်း၊ ကဲ... နာရီဝက်ပြည့်ရင် တိတ်တိတ်လေး ထပြန်တော့မယ်။ (ဂိုးရှုံးပြီ)

ဂိုးရှုံးလို့ အိမ်ပြန်တော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ။

* * *

http://www.dhammadownload.com

# သတိခေါင်းဆောင်ဝင်လာပြီ

ဆုံးဖြတ်လိုက်ပြီးမှ မူတူးကို ဖျတ်ခနဲ သတိရသွားတယ်၊ သတိဂိုးသမား ခေါင်းဆောင်လေး ပေါ်လာတယ်။

"ဟဲ့– ကြည်အေး၊ ဟိုမှာ မူတူး သူများဆန်အိတ်ကြီးကို ထမ်းရတာ ငါးမူး၊ ငါးမူးရသေးတယ်၊ နင့်ခန္ဓာကြီးထမ်းရတာ အိုတာပဲရတယ်၊ နာတာပဲရတယ်၊ သေတာပဲရတယ်၊ ငါးမူးလေးတောင် မရဘူး၊ ရှုံးလှချည်လား–

ဟောဟိုမှာ သူများဆန်အိတ်ကို ငါးမူးနဲ့ ထမ်းတဲ့သူက ပြုံးပြုံးပြုံးပြုံးနဲ့ နေပူမှန်းလဲမသိ၊ ပင်ပန်းမှန်းလဲမသိ၊ ဟောဒီမှာ အငိုတိတ်ကြောင်း၊

http://www.dhammadownload.com



အပူငြိမ်းကြောင်း၊ ချမ်းသာရကြောင်း၊ ဒုက္ခလွတ်ကြောင်းဖြစ်တဲ့ ဝိပဿနာကိုင်ပိုင်အထုပ်ကြီးကို ထမ်းတဲ့သူက ရှုံ့မဲ့ရှုံ့မဲ့နဲ့ ဈေးဆစ်လိုက်တာ၊ ရှက်ဖို့ကောင်းလိုက်တာဟာယ်"

သတိဂိုးသမား ဝင်လာပြီဗျ၊ သတိခေါင်းဆောင် ဝင်လာပြီ၊ သူဝင်လာတော့ ဒီပြင် သဒ္ဓါတို့၊ ဝီရိယတို့, သမာဓိ၊ ပညာတို့ကလဲ အားတင်းလာပြီဗျ။

"ဘယ့်နှယ် ငါ အကျိုးလဲမဟုတ်၊ အကန်းလဲ မဟုတ်၊ အရူးလဲမဟုတ်၊ အ,အလဲမဟုတ်၊ သူများတွေ လုပ်နိုင်၊ ငါလုပ်နိုင်ရမှာပေါ့"

အားတင်းလာပြီ၊ ကဲ- ၁နာရီဆို ၁နာရီပေါ့။ လဲသေသွား ဘာဖြစ်တုန်း၊ သူ့ဟာသူ အားတင်းချလိုက်တယ်။

ပျော်လာတယ်၊ အားတက်လာတယ်၊ သတိက အားကောင်းလာတော့ ခန္ဓာဉာဏ်စိုက်ပြီး ပွားလိုက်တာ သိတတ်တဲ့စိတ်နဲ့ သိစရာအာရုံလေးက အံကိုက် အံကိုက် ဖြစ်သွားတယ်။ ချုပ်ခနဲ ချုပ်ခနဲဆိုတော့ အဖြူအသင်း ဂိုးနိုင်နေပြီ။

http://www.dhammadownload.com



ဟိုဘက်က ဂိုးသွင်းလဲ သတိ ပိုင်နိုင်အောင် ဖမ်းနိုင်ပြီလေ၊ ဂိုးနိုင်လာပြီ၊ ဂိုးနိုင်လာတော့ ဒေါ်ကြည်အေး တစ်စ,တစ်စ, အားရ၊ ခန္ဓာရဲ့ အဖြစ်အပျက်လေးမြင်၊ အဖြစ်အပျက်မြင်တော့, ထောက်ခံနိုင်တယ်ပေါ့ဗျ။

* * *

http://www.dhammadownload.com

# ကိုယ့်ခန္ဓာ မထောက်ခံနိုင်လို့

ပုထုဇဉ်တွေဟာ ကိုယ့်ခန္ဓာ မထောက်ခံနိုင်လို့ ပူကြရတာ၊ ငိုကြရတာ၊ စိတ်တိုင်းမကျတိုင်း ပူလောင်ကြရတာ။

ဟောဒီ ခန္ဓာကိုယ်ကြီးကလဲ သစ္စာပဲ၊ ကန့်ကွက်ရင် ဒုက္ခရောက်မှာပေါ့။

* **သူက ဒုက္ခပါပဲလို့ ပြောတာကို ကိုယ်က သုခလို့ ငြင်းပယ်ရင်၊**
* **သူက အနိစ္စပါပဲလို့ ပြောတာကို နိစ္စပါလို့ ငြင်းပယ်လိုက်ရင်၊ ကန့်ကွက်လိုက်ရင်၊**

http://www.dhammadownload.com



* **သူကအနတ္တပါလို့ ပြောနေတာကို အတ္တလို့ ငြင်းပယ်ပြီးတော့ ကန့်ကွက်လိုက်ရင် ကိုယ်ပဲ ဒုက္ခရောက်မှာပေါ့။**

မှန်လိုက်တာဟဲ့ အနိစ္စ၊ အို...ဒုက္ခ၊ မှန်လိုက်တာ၊ အနတ္တ မှန်လိုက်တာ၊ ဟော...ဖြစ်လိုက်တာ ဘာကြာလဲ၊ ပျက်သွားပြီ၊ ထောက်ခံတာ (မှန်လိုက်တာ၊ မှန်လိုက်တာ)

ဝိပဿနာ အားထုတ်တယ်ဆိုတာ ခန္ဓာကို ထောက်ခံမဲပေးတာဗျ၊ မှန်တယ်၊ ပျက်တာ မင်းအလုပ်၊ မှတ်ဖို့ ငါ့အလုပ်။

ဖြစ်တာမင်းအလုပ်၊ မှတ်ဖို့က ငါ့အလုပ်၊ သိအောင်လုပ်တာ ငါ့အလုပ်။

ဆင်းရဲတာမင်းအလုပ်၊ ဒါကိုသိအောင်လုပ်ဖို့က ငါ့အလုပ်၊ သူ့အလုပ်၊ ကိုယ့်အလုပ်လို့ ခွဲကြည့်လိုက်တော့ ဒေါ်ကြည်အေး ဂိုးနိုင်တော့တာကိုး။

ဂိုးနိုင်တော့ ပျော်ရတာပေါ့၊ ငါ့လောက်သတ္တိရှိတဲ့သူ လောကမှာ ရှိသေးလို့လားဟဲ့လို့တောင် ထင်လာတယ်။

http://www.dhammadownload.com



အဲဒါနဲ့ အသိစိတ်နဲ့ သိစရာလေးက အံကိုက်လေးတွေ အံကိုက်လေးတွေ ဖြစ်လာတော့ သမာဓိလေးတွေ အားကောင်း၊ အဖြစ်အပျက် သဘောလေးတွေမြင်၊ အစွဲလေးတွေလျော့၊ အပူလေးတွေကွာ၊ အင်အားလေးတွေ ရလာတယ်ပေါ့။

အဲဒါနဲ့ ၁ နာရီပြည့်တယ်ပေါ့။ ကိုးနိုင်သွားတော့ ပျော်ပျော်ရွှင်ရွှင်နဲ့ ဒေါ်ကြည်အေး အိမ်ပြန်သွားတယ်။

* * *

http://www.dhammadownload.com

# နေ့တိုင်းဘောလုံးကန်တယ်

စောစောက ဂိုးရှုံးတာ ဒီအတိုင်းကြီး ပြန်သွားရတော့မလို့၊ မူတူးအာရုံနဲ့ သတိ၊ ပညာတွေပြပြီး နှိုးဆွပြီး တွန်းအားပေးလိုက်တော့ ကိုယ်ကနိုင်သွားတာပါပဲ။

အဲဒါနဲ့ အိမ်ပြန်သွား၊ အိမ်မှာလဲ နေ့တိုင်းမနက်အိပ်ရာထ၊ ဘယ်အလုပ် ဘယ်လောက်ပဲ အရေးကြီးကြီး ဘုရားရှေ့သွား ဘောလုံးကန်တာပဲ။

ဘုရားရှိခိုးတယ်၊ မေတ္တာပို့တယ်၊ ခန္ဓာဉာဏ်စိုက် ဝိပဿနာ ပွားတယ်၊ ဘောလုံးကန်တယ်၊ ကိုယ်ကချည်း နိုင်အောင်ကန်တာပဲ။

http://www.dhammadownload.com



တစ်ခါတစ်ရံ ကိုယ်ကရှုံးတော့မလိုလို ဖြစ်လာတဲ့အခါ မှုတူးနဲ့ ပြန်ခြိမ်းချောက်

"သူများအထုပ် ငါးမူးနဲ့ထမ်းတဲ့သူက ပြုံးပြုံးပြုံးပြုံးနဲ့၊ ဒီမှာ တန်ဖိုး ဆုံးဖြတ်လို့မရနိုင်တဲ့ တရားအထုပ် ထမ်းတဲ့သူက ရှုံ့မဲ့ရှုံ့မဲ့နဲ့၊ ရှက်ဖို့ကောင်းလိုက်တာဟယ်၊ ၁ နာရီဆို ၁ နာရီပေါ့၊ ၁ မိနစ် မလျော့စေနဲ့၊ လဲသွား ဘာဖြစ်တုန်း"

အဲသလို အားတင်းပြီးတော့ ကြိုးစားလိုက်တာ အသက်ကလဲတော်တော်ကြီးလာပြီ၊ အိုမင်းရင့်ယော်လာပြီ၊ တရားက တစ်ရက်မှ အပျက်မခံပါဘူး။

ကိုယ်ကချည်း ဘောလုံးပွဲနိုင်သွားတော့ တော်တော့ကို သူ့မှာ စွမ်းအားတွေရနေတယ်၊ အသက်ကြီးလာတော့ ခန္ဓာကိုယ်ကြီးကလဲ ဝ၊ ရောဂါကထူပြော၊ ဒါပေမယ့် သူ့ကိုကြည့်ရတာ ပြုံးပြုံး, ပြုံးပြုံးနဲ့။

သူ့ပါးစပ်က ပြောတာလေး နားထောင်ကြည့်ပါ။

"တပည့်တော်မ ခန္ဓာကြီးက ကုသိုလ်ထုပ်ကြီးဘုရား"တဲ့။

http://www.dhammadownload.com



အမှန်က အိုထုပ်၊ နာထုပ်၊ သေထုပ်ကို ရတနာအဖြစ် ပြောင်းနိုင်တယ်လို့ ပြောတာ၊ တစ်နည်းအားဖြင့် တပည့်တော်ကချည်း ဂိုးနိုင်နေတာ ဘုရားလို့ ပြောတာ၊ ပြောလိုရင်းပဲ။

* * *

http://www.dhammadownload.com

# ခန္ဓာက တာဝန်ကျေတယ်

"ခန္ဓာက အိုပြလိုက်၊ နာပြလိုက်၊ နိပ်စက်ပြလိုက်၊ သူက ဒီလိုတွန်းအားပေးလို့သာ ကိုယ်က ဒါနလက်မလွှတ်ရဲတာ ဘုရား"

သူက နှိပ်စက်မပြရင် ဟောဟိုက နတ်တွေရဲ့ ခန္ဓာက တာဝန်မကျေဘူးဘုရား၊ အိုတာကြီးဖုံးထားတယ်၊ နာတာကြီးဖုံးထားတယ်၊ သေတာတောင် အလောင်းချန်မထားဘူး၊ ပျောက်ပြလိုက်တာ။

နတ်တွေရဲ့ခန္ဓာက တာဝန်မကျေတော့ နတ်တွေက အရမ်းမေ့တာ။

တပည့်တော်တို့လူ့ခန္ဓာက တာဝန်ကျေတယ် ဘုရား၊ အိုရမယ့်အချိန် အိုပြလိုက်၊ နာရ

http://www.dhammadownload.com



မယ့်အချိန် နာပြလိုက်၊ သေရမယ့်အချိန် အလောင်းစန့်စန့်ကြီး ချန်ထားလိုက်တယ်။

ဒီလို တာဝန်ကျေတော့ ဉာဏ်မျက်လုံးနဲ့ကြည့်တတ်ရင် ဘယ်တရား လက်လွတ်ရဲတော့မှာလဲ၊ ဒါကြောင့် တပည့်တော် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ မလွှတ်ရဲတော့ဘူးဘုရား။

နာတာက ခန္ဓာ၊ မင်းအလုပ်ဟော့၊ နာဟော့ တာဝန်ကျေအောင် နာကွယ်၊ ငါက သာသနာ့မျက်လုံးရထားတာ၊ ငါက မင်းကို အမြတ်ထုတ်မယ်ကွယ် ဆိုပြီးတော့ သတိဉာဏ်နဲ့စိုက်တော့ ဘာဝနာအမြတ်တွေရ၊ စွမ်းအားတွေယူနိုင်တယ်။

ဒါကြောင့် တပည့်တော်မတစ်ကိုယ်လုံး ကုသိုလ်ထုပ်ကြီးဘုရား၊ သူများတွေက ဂုဏ်တင်ပြောကြတယ်။

- **ဒေါ်ကြည်အေးတို့များ အိုတာတောင် အိုပြီးလေးရယ်နော်၊**
- **ဒေါ်ကြည်အေးတို့ နာတာတောင် နာပြီးလေးရယ်နော်၊**
- **သေတော့လဲ သေပြီးလေး သေရအုန်းမှာ၊ တယ်အရတော်ပါလား။**

* * *

http://www.dhammadownload.com

## မနက်အိပ်ရာထ ဘောလုံးပွဲစပြီ

အဲသလို ပရိသတ်အပေါင်း သူတော်ကောင်းတွေ နေ့တိုင်း မနက်အိပ်ရာထ ဘောလုံးပွဲစပြီလို့ သဘောထားပြီးတော့ ကိုယ်ဘက်ကချည်း နိုင်အောင် ကြိုးစားကြရမယ်။

အိမ်ထဲမှာ အလုပ်လုပ်ရင်းနဲ့ တရားတစ်ခါ ထဲပါသွားအောင် ကုန်သွားတဲ့အထဲက မကုန်တဲ့ တရားစွမ်းအားတွေရအောင် နေ့တိုင်း ကြိုးစား ကြရမှာပါ။

အရှင်အင်္ဂုလိမာလတို့ ဘောလုံးကန်တယ်၊ စောစောက အမည်းအသင်းက နိုင်တော့မလို့၊ နောက်ပိုင်း ဘုရားထံက တရားအကူအညီရလို့

http://www.dhammadownload.com



သတိအားတင်းပြီး အားထုတ်လိုက်တာ နောက်ဆုံး ရဟန္တာတောင် ဖြစ်သွား၊ နောက်ဆုံး ကိုယ်က နိုင်တာပဲ။

ဒါကြောင့် ဟာဝေ–စင်စစ်အမှန် ကေန်အား ဖြင့်၊ အတ္တာ–ကိုယ်ပိုင်တရားစွမ်းအားရလို၊ မိမိ ကိုယ်ကို၊ ဇိတံဇိတော–ကောင်းစွာမချွတ်၊ အောင် မြင်အပ်သည်ရှိသော်၊ သေယျော–မင်္ဂပေါက်ဖိုလ် ပေါက်၊ နိဗ္ဗာန်ရောက်အောင် စွမ်းအားဆောင်ကာ၊ ကောင်းစွာမချွတ်၊ လွန်မြင့်မြတ်သည်၊ ဟောတိ– ကိုယ့်ကိုကိုယ်နိုင်၊ စွမ်းအားပိုင်ကာ၊ ကောင်းစွာ မသွေ၊ ဖြစ်ရပါပေသတည်း။

ဤသို့လျှင် 'ကိုယ့်ကိုကိုယ်နိုင် စွမ်းအားပိုင်' ဆိုတဲ့ တရား 'ခန္ဓာကိုယ်ထဲ ဘောလုံးပွဲ'ဆိုတဲ့ တရား ကြားနာကြရတဲ့ ဓမ္မသဝနမင်္ဂလာနဲ့ ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့် ဘေး ရန် အပူခပ်သိမ်း လွတ်ငြိမ်းကြ၍ ကောင်းကျိုး ချမ်းသာများ တိုးတက်ပြည့်စုံကြပြီးလျှင် သူတော် ကောင်းတရား တိုးပွားအောင် ကြိုးစားနိုင်လွယ် ကြ၍ တစ်ဘဝလုံး တရားစွမ်းအားဖြင့် တည်

http://www.dhammadownload.com



ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေနိုင်ကြပြီး လျှင် ဆင်းရဲခပ်သိမ်းလွတ်ငြိမ်းရာ အသခ်တဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကြီးကို လွယ်ကူသော အကျင့်၊ လျင်မြန်သောအသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန် သတည်း။ ။

* * *

http://www.dhammadownload.com

လောကမှာ အကောင်း
မှန်ရင် နည်းတာချည်းပဲ၊
မကောင်းတာဆို များတာချည်းပဲ၊
အဆိုးများပေမယ့် အဆိုးသည်
အားမကိုးရပါ၊
အကောင်းသည် နည်းသော်လဲ
စွမ်းအားပါလို့ အားကိုးရပါတယ်။

(ယော)ဆရာတော်

http://www.dhammadownload.com

၁၉၉၈–ခုနှစ်တွင် အခြေခံပညာရေး အထက်တန်း စာမေးပွဲဖြေဆိုကြမည့် ဗဟန်း အထက(၁)မှ ကျောင်းသူကျောင်းသားတို့အား (ယော)ဆရာတော်မှ ဟောကြားသည့် တရားတော်

# "အသိမှန်ကန် အပိုးတန်"

စာကျက်လျှင် မှတ်မိလွယ်စေသော အောင်မှတ်ရအောင်ဖြေနည်း။ ထူးချွန်အောင်ဖြေနည်း စသော ကိစ္စများကို စာကျက်မပျက်၊ လောကုတ္တရာအာရုံ၊ ဗုဒ္ဓ, ဓမ္မ, သံဃအာရုံများ ကြည်ညိုရင်း လောကီကိစ္စများ အောင်မြင်ရန်အတွက် ဩဝါဒကထာ

**ရွှေအမြွှာထွန်းစာပေ ဆက်လက်ထွက်ရှိလာမည်။**

http://www.dhammadownload.com

ကုသိုလ်လည်းရ ဝမ်းလည်းဝဆိုသော
အဆင့်မြင့်လူဖြစ်အောင်
မိမိမှာ မည်သည့်လိုအပ်ချက်များ ရှိပါသနည်း၊
ထိုပြဿနာသိရှိနိုင်ရန် (ယော)ဆရာတော်၏

# "ကုသိုလ်လည်းရ ဝမ်းလည်းဝ"

ကို ဖတ်ကြည့်ဖို့လိုအပ်ပါသည်။

မကြာသောအချိန်ကာလမှာ ရွှေစန္ဒာထွန်းစာပေ
မှ ဆက်လက်ထွက်ရှိလာမည့်အကြောင်း
သတင်းကောင်းပါးအပ်ပါသည်။

http://www.dhammadownload.com

* စားဝတ်နေရေးအတွက် ရှန်းကန်ရင်း
* ဒါန, သီလ, ဘာဝနာ, မေတ္တာ, သမာဓိ စသော
* ကုသိုလ်တရားများ ရရှိနိုင်ကြောင်း နည်းလမ်းကောင်းများ
* ညွှန်ကြားထားသော (ယော)ဆရာတော်၏ ဩဝါဒကထာ

# "သမ္ဗုဒ္ဓရာ ဓမ်းတစ်ထွာ"

မကြာမီ ရွှေစန္ဒာထွန်းစာပေမှ ဆက်တိုက် ထွက်ရှိလာပါမည်။

http://www.dhammadownload.com

http://www.dhammadownload.com